ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-7-2004) (၄၂၈၇)

မာတာပိတု ဥပဋ္ဌာနံ တော် မင်္ဂလ မုတ္တမံ။	အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါဘုရင်မင်းမြတ်မွေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၇

၂၀၀၄ခုနှစ် ဇူလိုင် ၇ရက်တွင် ကျရောက်သော နီပေါနိုင်ငံ ဘုရင်မင်းမြတ် မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာဘီ၊ ဘီခရမ်ရှားဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံ စစ်သံမှူး Col. Hideaki Kitahara နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Yoshihiko Izaki တို့အား ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံ စစ်သံမှူး Col. Hideaki Kitahara နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Yoshihiko Izaki တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်း ဆက်လက်ဖတ်ကြား တင်ပြ

ရန်ကုန် ဇူလိုင် ၆

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာ ခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဆက်လက်ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၇-၇-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများအားလုံး တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ ရှေ့အနာဂတ်ကောင်းမွန်ရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ထာဝရရပ်တည်နိုင်ရေးတို့အတွက် ရေရှည်မျှော်မှန်းပြီး နိုင်ငံတော်ကို တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများစွာကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

အထက်မြန်မာနိုင်ငံ မန္တလေးမြို့တွင် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး(မန္တလေး)ကို ဇူလိုင်လ ၃ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဆိုပါ ဆေးရုံသစ်ကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆေးရုံသစ်ကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မန္တလေးမြို့တော်သည် လူဦးရေအနေအထားအရ လူနေမှုပတ်ဝန်းကျင်ပိုမိုထူထပ်ကျယ်ပြန့်လာသည့်အလျောက် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရန် ယခုကဲ့သို့ ဗဟိုအမျိုးသမီးဆေးရုံကြီးကို သီးခြားတည်ဆောက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က မန္တလေးမြို့တော်တွင် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးလိုက်ရာ အမျိုးသမီးများ နှင့် မိခင်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် မွေးကင်းစကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝ ပေးလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးတိုင်းခရီးစဉ်အတွင်း အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၃ရက်နေ့က မတ္တရာမြို့သို့ရောက်ရှိစဉ် ဘုရင့်နောင်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **ပြည်သူများအနေဖြင့် ပြည်ထောင်စုကြီး အကျိုးစီးပွားအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက်သော်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

မတ္တရာမြို့နယ်သည် စိုက်ပျိုးရေးအပြင် ဒေသစီးပွားရေးအတွက် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် သဘာဝအခြေအနေကောင်းများရှိသော မြို့နယ်တစ်ခုလည်းဖြစ်သည်။ မြို့နယ်အတွင်း ဒေသဝမ်းစာဖူလုံမှုရှိပြီး စားသုံးဆီနှင့် ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်မှုတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ဒေသခံပြည်သူများက စိုက်ပျိုးသီးနှံများ ပိုမိုအထွက်တိုးရေး အားသွန်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး အဘက်ဘက်က အားပေးကူညီလျက်ရှိရာ ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသကဲ့သို့ ပြည်သူများအားလုံးက ပြည်ထောင်စုကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်း ပါသည်။ ။

ဇူလိုင် ၆ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံစစ်သံမှူး Col. Hideaki Kitahara အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၆ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Yoshihiko Izaki အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အလှူငွေများ လက်ခံသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင် ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ ဦးဝင်းအောင်-ဒေါက်တာမိုးမြမြမိသားစုက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံအတွက် အလှူငွေကျပ် ၁၂၁၄ သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လက်ခံစဉ်။ (သတင်းစဉ်)

တက်ရောက်

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ ဦးဝင်းအောင်-ဒေါက်တာမိုးမြမြမိသားစုက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံအတွက် ငွေကျပ် ၁၂၁၄ သိန်းကိုလည်းကောင်း၊ တော်ဝင်ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်မှ ဦးကိုကိုထွေးမိသားစုက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ငွေကျပ် ၂၆သိန်း တန်ဖိုးရှိပရိဘောဂများကိုလည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်မည့် လှိုင်မြို့နယ်မူကြိုကျောင်းအတွက် အဂ္ဂမဟာသီရိသုဓမ္မဇောတိက ဒေါ်ခင်နွဲ့ရီ သား ဒေါက်တာတင်စိုးလင်း၊သမီး ပွင့်မာခိုင် သားသမီးမြေးတစ်စု(ရွှေပုဇွန်မိသားစု)က ငွေကျပ် သိန်း ၁၂၀ကိုလည်းကောင်း၊ Summit Parkview Hotel မှ ငွေကျပ် ၂၂သိန်းကိုလည်းကောင်း၊ MK Co, Ltd.မှဦးလှဝင်းနှင့်ညီမဒေါ်ကြည်ကြည်မေတို့က ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ကလေးရုပ်အင်္ကျီ ၃၈၀ထည်နှင့် Country Top ပေါင်ဒါဘူး ၁၂၀၀ကိုလည်းကောင်း၊ မင်းဇာနည်ကုမ္ပဏီ လီမိတက်မှ ဦးညိုမင်း-ဒေါ်ဥမ္မာလွင်တို့က ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ Nu Life International Co., Ltd. မှ ငွေကျပ် ၈၄၀၀၀၀တန်ဖိုးရှိ ဆေးပစ္စည်းများကိုလည်းကောင်း၊ မြင့်မဟာကုမ္ပဏီလီမိတက်မှ ငွေကျပ် ၂၇၂၇၅၀ တန်ဖိုးရှိ ဘီတာဒိုင်းဆေးရည်များကိုလည်းကောင်း၊ Mo Asia Co Ltd. မှ ဒေါ်ဖြူတီကြည်က ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနအတွက် ငွေကျပ်ငါးသိန်းကျော် တန်ဖိုးရှိ Dumex နို့မှုန့်ဘူးများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

လှူဒါန်းပွဲအပြီးတွင် အလှူရှင်များသည် ခန်းမအတွင်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန်   ဇူလိုင်   ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information Industry **ဒုတိယဝန်ကြီး** H.E Mr.Xi Guohua **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်   မြန်မာနိုင်ငံ အီလက်ထရောနစ်အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E Mr. Li Jinjun လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information Industry **ဒုတိယဝန်ကြီး** H.E Mr. Xi Guohua **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

လက်ခံ တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information Industry **ဒုတိယဝန်ကြီး** H.E Mr. Xi Guohua **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)မိုင် မလိခလမ်း အမှတ် ၄၃(က) နေ ယုဝတီခင်စိန်လှိုင်၊ သားသမီး မြေးမြစ်များက သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် ၁၁၁၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ ဇူလိုင် ၄ရက်က ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပမည်

ရန်ကုန်   ဇူလိုင်   ၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ T&T Group **က တာဝန်ယူကျင်းပမည့် မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၁၀ရက်နှင့် ၁၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။**

မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၏ ပထမနေ့ ဇူလိုင် ၁၀ရက်တွင် ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲ၌ ပြည်နယ်နှင့် တိုင်း ရွှေတံဆိပ်ရ အေးဗိုစိန်နှင့် Akitoshi Tamura(ဂျပန်)တို့သည်လည်းကောင်း၊ လိုက်ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် ရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေးနှင့် Takaharu Yamamoto (ဂျပန်)တို့သည် လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များပါဝင်ကြမည့် ကြားပွဲရှစ်ပွဲလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဒုတိယနေ့ ဇူလိုင် ၁၁ရက် မွန်းလွဲ ၂နာရီတွင် မစ်ဒယ်လ်ဝိတ်တန်းပြိုင်ပွဲ၌ မြန်မာပြည် လက်ရှိချန်ပီယံ ရွှေဆိုင်းနှင့် Yoshitaro Niimi (ဂျပန်) တို့သည် လည်းကောင်း၊ ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(ခေါ်)ကျော်ဆန်းနှင့် Seiji Wakasugi(ဂျပန်) တို့သည်လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကာ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များပါဝင်ကြမည့် ကြားပွဲရှစ်ပွဲလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ–ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများအတွက် ဂိတ်ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ်ငါးထောင်၊ ရိုးရိုးတန်း ငွေကျပ်သုံးထောင်သတ်မှတ်ထားရာ ကြိုတင်လက်မှတ်များကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း (အထူးတန်းပွဲကြည့်စင်ရှေ့)၊ စပို့ဘား စားသောက်ဆိုင် (ဗိုလ်တထောင်ကမ်းနားလမ်းနှင့် သိမ်ဖြူလမ်းထောင့်)၊ Play Boy Restaurant (စမ်းချောင်းမီးပွိုင့်အနီး၊ ပြည်လမ်း)၊ Hero Restaurant(မင်းဓမ္မလမ်း)တို့၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

အီရတ်ပြောက်ကျားများ၏ ခုခံတွန်းလှန်မှုကို ကန်တပ်ဖွဲ့ဝင်များ ဟန့်တားနိုင်ခြင်း မရှိ

ဝါရှင်တန် ဇူလိုင် ၃

အမေရိကန်ဦးဆောင်သည့်တပ်များအနေဖြင့် အီရတ်နိုင်ငံ၌ ခုခံတွန်းလှန်ရေး အင်အားစုများ၏ စစ်ဆင်ရေးများ လျော့နည်းသွားအောင် လုပ်ဆောင်နိုင်ခြင်းမရှိကြောင်းဖြင့် နယူးယောက်တိုင်း သတင်းစာနှင့် သောကြာနေ့က တွေ့ဆုံမေးမြန်းခန်းတွင် အမေရိကန်စစ်ဘက်အရာရှိဟောင်းတစ်ဦး ပြောကြားလိုက်သည်။

အမေရိကန်တပ်များ အီရတ်ကို လွှန်ခဲ့သည့်နှစ်က ကျူးကျော်တိုက်ခိုက်သည့် အချိန်မှစ၍ အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်သည့် ဆက်ဒမ်ဟူစိန်၏ အမာခံ တိုက်ခိုက်ရေးသမားများ၏အရေအတွက်မှာ အင်အား ၄၀၀၀ နှင့်၅၀၀၀အကြား အမြဲရှိနေသည်ဟုလည်း ခန့်မှန်းရကြောင်း အဆိုပါ အရာရှိကပြောဆိုသည်။

အီရတ်သမ္မတဆက်ဒမ်ဟူစိန်အား သစ္စာခံသည့် တိုက်ခိုက်ရေးသမားများမှာ နိုင်ငံခြားတိုက်ခိုက်ရေး သမားများထက် ပိုမိုအန္တရာယ်ကြီးမားကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆက်ဒမ်ဟူစိန်သစ္စာခံ တိုက်ခိုက်ရေးသမားများအနေဖြင့် ဆယ်ကျော်သက်များနှင့်တကွ အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ရန် ငွေယူတိုက်ခိုက်သူများ အပါအဝင် အရန်အင်အားများ၏ ထောက်ခံမှုရရှိနေသည့်အတွက် ဖြစ်ကြောင်း အမည်မဖော်လိုသည့် အဆိုပါ အရာရှိက ပြောဆိုသည်။

အဘူမူဆာအယ်ဇာကာဝီ ဦးဆောင်သည့် ကွန်ရက်အဖွဲ့ကို ထိုးဖောက်ရန် မဖြစ်နိုင်သလောက် ရှိကြောင်းဖြင့်လည်း အရာရှိဟောင်းတစ်ဦးက ကြာသပတေးနေ့က ပြောဆိုသည်။

ထိုအတောအတွင်း အီရတ်၌ အယ်ဇာကာဝီသည် အန္တရာယ်များသော စစ်ဆင်ရေးကို ဆင်နွှဲနေကြောင်း၊ ယင်းမှာ အခြားသော သူပုန်အုပ်စုများကို ချေမှုန်းပြီးသည့်နောက် ဆက်လက်လှုပ်ရှားမည့် လက္ခဏာရှိကြောင်း အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူးဟောင်း ပေါလ်ဘရီမာက ပြောကြားလိုက်သည်။

အင်တာနက်။

အဘူဂါရိပ် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာသော အီရတ်တို့လိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးအနီးတွင် စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၃ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို တိုက်ထုတ်ရန် နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်မှုများ အပြင်းအထန်ဆင်နွှဲလျက်ရှိ

ဘဂ္ဂဒက် ဇူလိုင် ၁

ပြောက်ကျားများက အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပေါင်းပါတပ်များကို တိုက်ထုတ်ရန်အတွက် နိုင်ငံတစ်ဝန်းတွင် ကြာသပတေးနေ့က အကြီးအကျယ် တိုက်ခိုက်လျက်ရှိသည်။

ခုခံတွန်းလှန်

အီရတ်ယာယီ အစိုးရထံ တနင်္လာနေ့က အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လွှဲပြောင်းပေးအပ်သည့်တိုင်အောင် ခုခံတွန်းလှန်ရေးသမားများအနေဖြင့် အားရကျေနပ်ခြင်း မရှိသည့်ပြင် ဒေါသထွက်နေကြောင်းကိုလည်း ပြသနေခြင်းဖြစ်သည်။

အာဏာလွှဲအပ်သည့် ကြားမှပင် ခုခံတွန်းလှန်ရေးသမားများ၏ နေ့စဉ် တိုက်ခိုက်မှုနှုန်းမှာ မှန်မှန်ပေါ်ပေါက်လျက်ရှိကြောင်းဖြင့် အမေရိကန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ပြောက်ကျားများသည် လမ်းဘေးမိုင်းဗုံး ထောင်မှုမှသည် ရန်သူနှင့် ပူးပေါင်းသူများအဖြစ် ရှုမြင်သည့် အီရတ်အရာရှိများအား လုပ်ကြံသတ်မှုအဆုံး လွန်ခဲ့သည့်လအနည်းငယ်က အသုံးပြုသည့် နည်းဗျူဟာများကိုပင် ဆက်လက်ကျင့်သုံးနေသည်။

ဖော်လူဂျာမြို့မှာ အမေရိကန်ဆန့်ကျင်ရေး တိုက်ခိုက်ရေးသမားများ ခိုအောင်းရာဒေသဖြစ်လာသည်။ ၎င်းတို့သည် ဒုံးပစ်လောင်ချာများ၊ အေကေ-၄၇ ရိုင်ဖယ်များကိုင်ဆောင်ကာ မြို့တွင်း၌လှည့်နေသည်။ ၎င်းတို့သည် နိုင်ငံခြားသား အရပ်သားများကို ပြန်ပေးဆွဲ ဖမ်းဆီးလျက်ရှိသည်။

သေဆုံး

အီရတ်ကို ၂၀၀၃ခုနှစ် မတ်လက စတင်ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၈၅၅ ဦးထက်မနည်း ရှိသည်ဟုသိရသည်။

အင်တာနက်။

အီရတ်၏အနာဂတ် ပိုကောင်းလာမည်ဟု ရုရှားတို့မယုံ

မော်စကို ဇူလိုင် ၃

အီရတ်ကြားဖြတ် အစိုးရလက်သို့ အာဏာလွှဲအပ်လိုက်ပြီ ဖြစ်သော်လည်း အီရတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေမှာ သိသိသာသာ တိုးတက်လာလိမ့်မည်ဟု ရုရှားပြည်သူတို့က မမျှော်လင့်ကြောင်း မော်စကို၌ထုတ်ပြန်သည့် ပြည်သူ့ဆန္ဒ သဘောထားစစ်တမ်းအရ သိရသည်။

ရုရှားပြည်သူ သုံးပုံတစ်ပုံတို့က အထက်ပါအတိုင်း ယူဆကြပြီး ၁၅ ရာခိုင်နှုန်းသော ရုရှားပြည်သူများကမူ အီရတ်အခြေအနေကို ပိုမိုဆိုးရွားသွားနိုင်ကြောင်း ရှုမြင်ကြသည်။ သို့သော် ၂၄ရာခိုင်နှုန်းတို့က အခြေအနေတိုးတက်လာနိုင်သည်ဟု ပြောဆိုကြသည်။

အမေရိကန် အစိုးရ၏ အီရတ်နိုင်ငံဆိုင်ရာ မူဝါဒမှာ နယ်ချဲ့ဝါဒသာလျှင်ဖြစ်ကြောင်း ရုရှားပြည်သူအများအပြားက မှတ်ယူပြောဆိုကြသည်။

နယူးယောက်မြို့၌ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ အစည်းအဝေး တက်ရောက်နေသည့် ရုရှား ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ယူရီ ဖက်ဒိုတော့ဗ်၏ ပြောကြားချက်အရ ရုရှားနိုင်ငံက နိုင်ငံတကာ ကြိုးပမ်းမှုအရလည်းကောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဘောင်အတွင်းမှလည်းကောင်း အီရတ်ကြားဖြတ်အစိုးရအား အကူအညီများ ပေးလိုသည်ဟု သိရသည်။ ***အင်တာနက်။***

အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး အီရတ်နိုင်ငံတွင် ဓားစာခံဖြစ်

ဝါရှင်တန် ဇူလိုင် ၃

အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝါရှင်တန် အမျိုးသား အစောင့်တပ်မှဘီးတဲရေဒီယို ဟောပြောပွဲ အစီအစဉ်မှူး ဒု-ဗိုလ် ဘရိုင်ယင်ဆုနှင့် ဝါရှင်တန် အရှေ့ပိုင်းမှ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးတို့ ပြီးခဲ့သည့် ရက်သတ္တပတ်က အီရတ်ရှိ နေရာတစ်နေရာစီတွင် ဓားစာခံဖြစ်သွားကြသည်။

ဓားစာခံ

ဘဂ္ဂဒက်မြို့တော် အနီးတွင် ရန်သူပစ်လိုက်သော စိန်ပြောင်းကျည်သည် ၁၀ ပေခန့်အကွာတွင် ကျရောက်ပေါက်ကွဲပြီးနောက် ဒု-ဗိုလ်ဘရိုင်ယင်ဆု၏ လက်ကောက်ဝတ်တွင်ကျည်ဆန်များ ထိမှန်သဖြင့် ကြာသပတေးနေ့က အနည်းငယ် ဓားစာခံဖြစ်သွားသည်။

ဆူညံသံ

ယင်းသို့ ဓားစာခံဖြစ်၍ ဒု-ဗိုလ် ဘရိုင်ယင်ဆုမှာ ခေတ္တမျှ သတိမေ့သွားပြီးနောက် နားထဲတွင် အသံဗလံများ ဆူညံသံ ကြားနေခဲ့သည်။

သို့သော် မကြာမီတွင် ပုံမှန် အခြေအနေသို့ ပြန်ရောက်မည်ဟု ဆရာဝန်များက ရှင်းပြထားသည် ဆို၏။ ဒု-ဗိုလ်ကရိုင်ယင်ဆုသည် လွန်ခဲ့သည့် နှစ်ကုန်ပိုင်းမှစ၍ အမှတ်(၈၁)တပ်မဟာတွင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု သိရသည်။

သတင်းယူနေသည့် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်မှ ဗိုလ်မှူးတစ်ဦး နောက်သို့လိုက်ပါစဉ် ဒု-ဗိုလ် ဘရိုင်ယင်ဆုမှာ ထိုသို့ ဓားစာခံဖြစ်သွားခြင်း ဖြစ်သည်ဆို၏။

ယခုရက်သတ္တပတ် အစောပိုင်းက အီရတ် အလယ်ပိုင်းတွင် အမှတ်(၇၃၇) သယ်ယူပို့ဆောင်ရေး တပ်ခွဲမှ တပ်ဖွဲ့ဝင်နှစ်ဦးတို့မှာလည်း ၎င်းတို့စီးနင်းလိုက်ပါလာသည့် ယာဉ်တန်းကို ဗုံးခွဲခံရပြီးနောက် ဓားစာခံဖြစ်သွားကြရသည် ဆို၏။

အင်တာနက်။

ဇူလိုင် ၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် လက်နက်ရှာဖွေစစ်ဆေးစဉ်အတွင်း တွေ့ရှိရသော ဗုံးအစိတ်အပိုင်းများကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက ကြည့်ရှုစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အရေးပါသည့် နိုင်ငံတကာရေးရာများတွင် တရုတ်နှင့်ပြင်သစ် ရပ်တည်ချက်တူညီ

ပါရီ ဇူလိုင် ၅

ပြင်သစ်နှင့်တရုတ်ပြည်တို့အကြား မဟာဗျူဟာမြောက်ကဏ္ဍစုံ မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်ရေးအတွက် လက်တွဲဆောင်ရွက်ရန် ပြင်သစ်သမ္မတဂျက်ရှီရက်နှင့် ပြင်သစ်သို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်ကွန်မြူနစ်ပါတီဝါရင့် တာဝန်ရှိပုဂ္ဂိုလ် လီချန်ချွန်တို့က အလေးအနက် ပြောကြားလိုက်ကြသည်။

ရပ်တည်ချက်များရှိ

တရုတ်နှင့် ပြင်သစ်တို့သည် အရေးပါသည့် နိုင်ငံတကာကိစ္စရပ်များတွင် တူညီသည့် ရပ်တည်ချက်များရှိကြကြောင်းနှင့် တူညီသည့် အကျိုးစီးပွားများသည် နယ်ပယ်အသီးသီး၌ တရုတ်-ပြင်သစ်ဆက်ဆံရေး၏ ခိုင်မာသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းကို ချပေးခဲ့ကြောင်း စနေနေ့က ပြင်သစ်သမ္မတ ရှီရက်နှင့်တွေ့ဆုံဆွေးနွေးစဉ်တွင် လီကပြောကြားသည်။ လီသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို၏ အမြဲတမ်းကော်မတီဝင်ဖြစ်သည်။ ပြင်သစ်-တရုတ်ကဏ္ဍစုံတွင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်တိုးမြှင့်ရန်၊ ပြင်သစ်နှင့် လက်တွဲဆောင်ရွက်ရန် တရုတ်ပြည်က ဆန္ဒရှိကြောင်း လီက ပြောကြားသည်။

မကြာသေးမီနှစ်များအတွင်း ပြင်သစ်နှင့် တရုတ်ပြည်တို့အကြား နိုင်ငံရေးဆက်ဆံမှုသည် ပို၍ရင်းနှီးနီးစပ်မှုရှိလာကြောင်း၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသည်လည်း ချောချောမွေ့မွေ့ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်းနှင့် သိပ္ပံပညာနှင့် သက်ဆိုင်သည့် အပြန်အလှန်ဖလှယ်မှုသည်လည်း အကျိုးဖြစ်ထွန်းခဲ့ကြောင်း ပြင်သစ် သမ္မတရှီရက်က ပြောကြားသည်။

ဖန်တီးစေခဲ့

ယင်းသို့သော အချက်အလက်များသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ဖလှယ်မှုတို့အတွက် အခြေအနေကောင်းများကို ဖန်တီးစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ၏ မူဘောင်အတွင်းမှနေ၍ ပြင်သစ်နှင့် တရုတ်ပြည်တို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ပြင်သစ်သမ္မတ ရှီရက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် အသတ်ခံရမှု လက်ဘနွန် အတည်ပြုပြောကြား

ဘေရွတ် ဇူလိုင် ၅

အီရတ်နိုင်ငံမှ ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်မရိန်းတပ်ဖွဲ့မှ တပ်ကြပ်အလီဟတ်ဆွန်အား ပြန်ပေးဆွဲခဲ့ပြီး သတ်ဖြတ်ပစ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံခြားရေးဌာနက တနင်္ဂနွေနေ့တွင် အတည်ပြု ပြောကြားလိုက်သည်။

ပိုစတာများ

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးရှိ အမေရိကန်သံရုံးရှေ့တွင် အီရတ်အကျဉ်းသားများ ညှဉ်းပန်း နှိပ်စက်ခံရပုံ ပိုစတာများကပ်ကာ ကန့်ဆန့်ကျင်ရေး ဆန္ဒပြထားသည်ကို ဇူလိုင် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



လက်ဘနွန် နွယ်ဖွားဖြစ်သည့် ဟတ်ဆွန်အား ဖမ်းဆီးထားသူများက သတ်ဖြတ်ပစ်ခဲ့ကြောင်း ဘဂ္ဂဒက်မြို့မှ ကောင်စစ်ဝန် လက်ဘနွန်နိုင်ငံသား ဟက်ဆန်ဟီဂျာဇီက အကြောင်းကြားကြောင်းဖြင့် နိုင်ငံခြားရေးဌာန သတင်းရပ်ကွက်က ပြောကြားသည်။ သို့ရာတွင် အသေးစိတ် သတင်းများ ထပ်မံပြောကြားခြင်း မရှိပေ။

ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်က ယင်းသတင်းအပေါ် ရုတ်တရက် အတည်ပြုခြင်းမရှိသေးပေ။ လက်ဘနွန်နိုင်ငံသား ဟီဂျာဇီက ဟတ်ဆွန်သေဆုံးသည့်သတင်း မည်သို့ရရှိလာသည်နှင့် စပ်လျဉ်း၍ သဲသဲကွဲကွဲ မရှိသေးပေ။

လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီး ဂျင်းအိုဘိတ်က ယင်းသတ်ဖြတ်မှုအား ရှုတ်ချပြောကြားလိုက်ပြီး ဘာသာရေးအား ဗန်းပြပြီး လူမဆန်သည့် လုပ်ရပ်များ ကျူးလွန်နေသူများကို ဘာသာရေးခေါင်းဆောင်များက ပွင့်ပွင့်လင်းလင်း ပြောကြားကြရန် တိုက်တွန်းလိုက်သည်။

ယင်းလုပ်ရပ်မှာ ဘာသာရေးနှင့် မလျော်ညီ၊ အကျင့်စာရိတ္တပျက်ပြားပြီး လူမဆန်သည့်လုပ်ရပ် ဖြစ်ကြောင်း ဂျင်းအိုဘိတ်က ပြောကြားသည်။

ယင်းလုပ်ရပ် ပြုလုပ်သူများမှာ ၎င်းတို့ဘာသာတရား၏ ရန်သူဖြစ်ပြီး မည်သည့်ဘာသာတရားများ အတွက်မဆို ရန်သူပင်ဖြစ်ကြောင်း၊ ယင်းသို့သော သူများကို ဆန့်ကျင်သွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အန်ဆာအယ်လ်ဆွန်နာ ခုခံတိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့က ဟတ်ဆွန်အား ခေါင်းဖြတ်သတ်ခဲ့ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အင်တာနက်တွင် ဖော်ပြခဲ့သည်။

မိမိတို့က အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဟတ်ဆွန်အား ခေါင်းဖြတ်သတ်ခဲ့ကြကြောင်း၊ ယင်းသတ်ဖြတ်ပုံကို ရုပ်ရှင်အဖြစ် မကြာမီ ကြည့်ရှုရတော့မည်ဖြစ်ကြောင်း၊ နောက်ထပ်ဓားစာခံတစ်ဦးအား ဖမ်းဆီးထားကြောင်းဖြင့် ၎င်းတို့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ သို့ရာတွင် ဓားစာခံ၏ အမည်ကို ဖော်ပြခြင်းမရှိပေ။

လက်ဘနွန် မြောက်ပိုင်းဒေသရှိ ဟတ်ဆွန်၏ မိသားစုက ဟတ်ဆွန် အသတ်ခံရမှုဆိုင်ရာသတင်း အတည်ပြုချက် မရရှိကြောင်း ရိုက်တာသတင်းဌာနအား ပြောကြားသည်။

အာရေဗျဘာသာဖြင့် ထုတ်လွှင့်သည့် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ခုခံတိုက်ခိုက်ရေးသမားများက မျက်စိအားအဝတ်ဖြင့်စည်းထားသော ဟတ်ဆွန်၏ ရုပ်ပုံကို လွှင့်ခဲ့သည့် တနင်္ဂနွေနေ့က ထုတ်လွှင့်ပြသခဲ့သည်။

သတိပေး

အမေရိကန် အုပ်ချုပ်ရေးအဖွဲ့က အီရတ်ကြားဖြတ်အစိုးရအား လွှန်ခဲ့သည့် တနင်္လာနေ့က အာဏာလွှဲပြောင်းပေးခဲ့သော်ငြားလည်း ခုခံတိုက်ခိုက်ရေးသမားများက အီရတ်တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များအား ဆက်လက်တိုက်ပွဲဝင်ရမည်ဟု သတိပေးပြောကြားကြသည်။

အမေရိကန်စစ်ဘက်က ဟတ်ဆွန်သည် ဇွန် ၂၁ ရက်နေ့ နောက်ပိုင်းမှစတင်၍ တပ်ဖွဲ့မှ ပျောက်ဆုံးသွားခဲ့ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ ရှိနေမှု ဆက်လက် ဆန့်ကျင်တိုက်ပွဲဝင်ရန် ရှီးယိုက်ခေါင်းဆောင် တိုက်တွန်း

ဘဂ္ဂဒက် ဇူလိုင် ၄

အကန့်အသတ်ဖြင့် နိုင်ငံရေးအာဏာကို အီရတ်ကြားဖြတ်အစိုးရအား လွှဲပြောင်းပေးအပ်မှုဖြင့် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ သိမ်းပိုက်ထားမှုသည် အဆုံးမသတ်သေးကြောင်း ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာက သောကြာနေ့တွင် ပြောကြားလိုက်ပြီး အီရတ်နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့ဝင် အမြောက်အမြားရှိနေမှုကို ဆက်လက်ခုခံတွန်းလှန်တိုက်ခိုက်ကြရန် ၎င်း၏နောက်လိုက်များကို တိုက်တွန်းနှိုးဆော်လိုက်သည်။

အမှန်တကယ်အားဖြင့် အီရတ်နိုင်ငံ၌ အာဏာလွှဲပြောင်းပေးမှု လုံးဝမရှိကြောင်း၊ အမည်သာ ပြောင်းလဲခြင်းဖြစ်ကြောင်း ဆာဒါ၏ ပေးစာတွင် ဖော်ပြထားသည်။ အဆိုပါပေးစာကို ရှီးယိုက်ထိပ်တန်းလက်ထောက် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျဘားဒါဖီရီက အီရတ်နိုင်ငံတောင်ပိုင်း ကူဖာမြို့တွင် သောကြာနေ့ဝတ်ပြုဆုတောင်းပွဲ လာရောက်သူများအား ဖတ်ကြားပြသည်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အခြေစိုက်သည့် ရှီးယိုက်ဘာသာရေးခေါင်းဆောင်ပိုင်းအား လက်ခံရန် အီရတ်ကြားဖြတ်အစိုးရသစ်အား ၎င်းက တောင်းဆိုလိုက်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် နှစ်လကြာ တိုက်ပွဲများဖြစ်ပွားရာတွင် မကြာသေးမီက အကြီးအကျယ် နှိမ်နင်းခံခဲ့ရသည့် ဆာဒါ၏ မာဒီလက်နက်ကိုင်တပ်ဖွဲ့သည် အီရတ်စစ်တပ်ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို လက်မခံဘဲ ပယ်ချပြီး လွတ်လပ်ရေးတောင်းဆိုကြရန် အီရတ်ပြည်သူများအား တိုက်တွန်းကြောင်းဖြင့် ၎င်းက ပြောကြားသည်။

အင်တာနက်။

ဇူလိုင် ၁ ရက်က ဖော်လူဂျာမြို့ ဆင်ခြေဖုံးတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီငလျင် ဂရိနိုင်ငံ ကူညီမည်

အေသင် ဇူလိုင် ၅

တူရကီနိုင်ငံတွင် သောကြာနေ့ စောစောပိုင်းက ငလျင်တုန်လှုပ်သွားခဲ့ပြီးနောက် တူရကီနိုင်ငံသို့ လူသားချင်း စာနာထောက်ထားရေး အကူအညီများ ပေးမည်ဖြစ်ကြောင်း ဂရိအစိုးရက ကြေညာလိုက်သည်။

ကယ်ဆယ်ရေးဝန်ထမ်းများ၏ အထူးအဖွဲ့တစ်ဖွဲ့နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုမှ တူရကီနိုင်ငံသို့ ပေးပို့သည့် အသုံးဝင်ပစ္စည်းကိရိယာများ တင်ဆောင်ထားသည့် စီ-၁၃၀ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းကို စေလွှတ်ရန် ဂရိနိုင်ငံက အသင့်ရှိကြောင်း ဂရိဒုတိယနိုင်ငံခြားရေးဝန်ကြီး စတီလီယာနီဒီက ပြောကြားသည်။

အီရန်နှင့် နယ်စပ်ချင်း ထိစပ်နေသည့် တူရကီနိုင်ငံ အရှေ့ပိုင်းတွင် ရစ်ချ်တာစကေး ၅ အင်အားရှိသည့် ငလျင်တုန်လှုပ်ခဲ့ရာ အနည်းဆုံး လူ ၁၈ ဦး သေဆုံးပြီး အခြားလူ ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့် ဒိုဂူဘီယာဇစ်ပြည်နယ် ကျေးရွာအချို့ အကြီးအကျယ်ပျက်စီးခဲ့သည်။

ငလျင်ကြောများပေါ်တွင်တည်ရှိသည့် တူရကီနိုင်ငံတွင် ငလျင်မကြာခဏ လှုပ်လေ့ရှိသည်။ ၁၉၉၉ ခုနှစ်က တူရကီနိုင်ငံ အနောက်မြောက်ပိုင်းတွင် ငလျင်အကြီးအကျယ် နှစ်ကြိမ်တုန်လှုပ်ခဲ့ရာ လူပေါင်း ၁၈၀၀၀ ခန့် သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်သောက်မှု ထိန်းချုပ်ရေးသဘောတူညီချက် ယခုနှစ်ကုန်တွင် နိုင်ငံတကာ ဥပဒေတစ်ရပ်အဖြစ် ရောက်ရှိမည်

ဂျီနီဗာ ဇူလိုင် ၅

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)၏ ဆေးလိပ်သောက်မှု ထိန်းချုပ်ရေး ကန့်သတ်ချက် သဘောတူညီချက်(အက်ဖ်စီတီစီ)သည် ယခုနှစ်ကုန်တွင် နိုင်ငံတကာဥပဒေတစ်ရပ် ဖြစ်လာလိမ့်မည်ဟု ဒဗလျူအိပ်ချ်အိုက သောကြာနေ့တွင် ကြေညာသည်။

ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကန့်သတ်ချက် သဘောတူညီချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံအားလုံးက ၂၀၀၃ ခုနှစ် မေလတွင် တညီတညွတ်တည်း အတည်ပြုခဲ့သည်။

ယင်းသဘောတူညီချက်ကို လက်မှတ်ထိုးကြရန် ဂျီနီဗာမြို့၌ ဖွင့်လှစ်ပေးပြီး တစ်နှစ်အကြာတွင် ဒဗလျူအိပ်ချ်အိုအဖွဲ့ဝင် ၁၆၇ နိုင်ငံနှင့် ဥရောပဘုံဈေးအဖွဲ့တို့က လက်မှတ်ထိုးကြကာ ၂၃ နိုင်ငံက အတည်ပြုလိုက်သည့်အတွက် ယခုနှစ်ကုန်တွင် ဤသဘောတူညီချက်မှာ နိုင်ငံတကာဥပဒေအဖြစ် ရောက်ရှိတော့မည်ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံများက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးလိုက်ခြင်းမှာ ဆေးလိပ်သောက်သုံးမှု ပြန့်ပွားခြင်းကို ထိန်းချုပ်ရန် ကမ္ဘာနှင့်အဝန်း ပိုမိုကြိုးပမ်းလာခြင်းကို ပြသလိုက်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဖေဒယ်လာချိုက်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်သောက်သူ ၁ ဒသမ ၃ ဘီလျံခန့်ရှိသည်ဟု ခန့်မှန်းရပြီး ၎င်းတို့အနက်ထက်ဝက်မှာ ဆေးလိပ်သောက်မှုနှင့် ဆက်နွှယ်သည့် ရောဂါတစ်ခုခုဖြင့် သက်ပြည့်မနေရဘဲ စောစောစီးစီး သေဆုံးနိုင်သည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ။

ဇူလိုင် ၄ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နန္ဒဝန် မိုးကုတ်ဓမ္မရိပ်သာ တရားစခန်း

ရန်ကုန် ဇူလိုင် ၆

ပဲခူးမြို့ စိန်ထွန်းရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၅) နန္ဒဝန်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယသည် ဇူလိုင် ၂၁ ရက်မှ ၂၈ ရက်ထိ ခုနစ်ရက်တရားစခန်း ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဇူလိုင် ၂၁ ရက် ညနေ အရောက် လာရောက်ကြရန်နှင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၂၃၈၂၂ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဝါသနာ၊ စေတနာနှင့် ဘဝကမ္ဘည်းအက္ခရာ

(က)

ဝါသနာ

ဝါသနာဟူသည် အထုံဖြစ်၏။ မြန်မာအဘိဓာန်က "စွဲမြဲနေသောအကျင့်"ဟု ဖွင့်၏။ ပါဠိအဘိဓာန်ကလည်း "ဂန္ဓမာလ ရူမာဒီဟိ၊ ပန်းရနံ့ အငွေ့အသက်တို့ဖြင့်။ ဝတ္ထကမ္ဗလာဒီနံ၊ အဝတ်အထည် အိပ်ရာ စသည်တို့အား သံခါရော၊ အနံ့စွဲနေအောင် ပြုထားခြင်း"ဟု ဥပမာဖြင့် ဖွင့်၏။ အကြောင်းခြင်းရာတစ်ခုခု၌ စွဲစွဲမြဲမြဲ ကဲကဲလွန်လွန် လိုက်စားနေခြင်းသည် ဝါသနာဖြစ်ပါ၏။ ယင်းသည် ကာလအလျှဉ်အတိုင်း အဆက်မပြတ် ဖြစ်ပေါ်နေတတ်သောကြောင့် "ဝါသနာဘာဂီ ဆက်တိုင်းမှီ"ဟု မြန်မာ အဆိုရှိထား၏။

ယင်းဝါသနာကိုပင် ပါဠိစာပေများ၌ **စရိတ** ဟု ဆိုပြီး မြန်မာစရိုက်ဟု ပါဠိသက်ဝေါဟာရအဖြစ် ပြောဆိုရေးသားကြကာ မူရင်းစရိုက် ခြောက်မျိုးရှိ၍ ရောနှောစရိုက် ၆၃ မျိုးအထိ ရှိကြောင်း ပါဠိစာပေက စိတ်ဝင်စားဖွယ် ဖွင့်ဆိုထား၏။

၁။ **ရာဂစရိုက်=**ရာဂအာရုံ၌ ထုံခြင်း၊ မာယာများခြင်း၊ ကာမဂုဏ် အာရုံများ၌ လိုက်စားမှုကဲသာခြင်း။

၂။ **ဒေါသစရိုက်=**ဒေါသအာရုံ၌ ထုံခြင်း၊ သာမန်ကိစ္စများ၌ပင် ဒေါသ ရှေ့ထားတတ်ခြင်း၊ ဒေါသဖြင့် ရင်ဆိုင်ဖြေရှင်းတတ်ခြင်း။

၃။ **မောဟစရိုက်=** မောဟအာရုံ၌ ထုံခြင်း၊ တွေတွေဝေဝေ ရှုပ်ရှုပ်ထွေးထွေး ရှိခြင်း၊ အမှန်ကို အမှန်အတိုင်း မပိုင်းခြားနိုင်ခြင်း၊ အမှန်ကို အမှားဟု ယူဆတတ်ခြင်း၊ ဆင်ကန်းတောတိုး အာရုံမျိုး၌ လိုက်စားမှုကဲသာခြင်း။

ရဟန္တာစည်ဆရာတော် (လှိုင်လင်)

၄။ **သဒ္ဓါစရိုက်=** ကြည်လင်ခြင်း၌ ထုံခြင်း၊ ဝန်းကျင်အပေါ် ကြည်လင်ခြင်း၊ ပေးကမ်းခြင်း၌ မွေ့လျော်ခြင်း၊ ဘာသာတရားအပေါ် ကြည်လင်စွာ လိုက်စားမှုကဲသာခြင်း။

၅။ **ဗုဒ္ဓိ(ပညာ)စရိုက်=** ပညာ၌ထုံခြင်း၊ နှိုင်းနှိုင်းချိန်ချိန်ရှိခြင်း၊ အရှည်မြော်တွေးတတ်ခြင်း၊ အမှန်အမှား ပြတ်သားစွာ ဆုံးဖြတ်နိုင်ခြင်း၊ အမှန်၌ ပြတ်သားစွာ ရပ်တည်ခြင်း၊ အမှန်၌ လိုက်စားမှုကဲသာခြင်း။

၆။ **ဝိတက်စရိုက်=**အကြံအတွေး၌ ထုံခြင်း၊ စကားအပြော၌ မျောနေခြင်း၊ အလုပ်ဖြင့် သက်သေမပြနိုင်ခြင်း၊ လေထဲတိုက်အိမ်ဆောက်ခြင်း၌ ကဲသာခြင်း။

ယင်းစရိုက် ခြောက်မျိုးအနက် ၁၊ ၂၊ ၃ သည် မကောင်းဘဲ ၄၊ ၅ သည် ကောင်းကာ ၆ မှာ ကောင်း၊ မကောင်း ရောနေလေ၏။ ဝါသနာ(စရိုက်)အလျောက် အထက်ပါအချက်များ ထင်ရှားပေါ်လွင်နေသလို ယင်းဝါသနာ(စရိုက်)များအချင်းချင်း အရောရော အနှောနှော ဖြစ်တတ်သောကြောင့် သဒ္ဓါနှင့်ရာဂ ရောခြင်းဖြင့် "သဒ္ဓါလွန်လျှင် တဏှာကျွံသည်"ဟု လည်းကောင်း၊ ဗုဒ္ဓိနှင့် ဒေါသရောခြင်းဖြင့် "ပညာရှိ သတိဖြစ်ခဲ"ဟုလည်းကောင်း စကားပုံများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။

အမျိုးဘာသာ သာသနာနှင့် တိုင်းကားပြည်ရွာအထိ ဖြန့်ကြက်ကာ ကောင်းရာကောင်းကျိုး သယ်ပိုးလိုသော ဝါသနာကို သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်ဟု ဆိုရ၏။ သဒ္ဓါစရိုက်အရ ဝန်းကျင်အပေါ် ကြည်လင်ခြင်းနှင့် ဗုဒ္ဓိစရိုက်အရ အမျိုးသားရေးအမြင် နက်ရှိုင်းခြင်းတို့ကြောင့် ယင်းသည် မွန်မြတ်ပါ၏။ အကောင်းအမြတ်ဖြစ်ပါ၏။

အထူးသတိထားရမည့် အရေးကြီးအချက်အဖြစ် ယင်းဝါသနာကောင်း၌ ဝါဒစွဲလွန်၊ ပါတီစွဲလွန် ဟူသော ရာဂစရိုက်ဆိုး၊ အဆိုးမြင်သဘောတို့ ထုံနေသော ဒေါသစရိုက်ဆိုး၊ ဆင်ကန်းတောတိုးသော မောဟ စရိုက်ဆိုးတို့ မရောနှောမိဖို့ ဖြစ်ပါ၏။ စရိုက်ဆိုးတို့ ရောနှောမိသည်နှင့် တစ်ပြိုင်နက် ဝါသနာကောင်းဝယ် အမည်းစက်များ အကွက်အကွက် ထင်နေမည်ဖြစ်သောကြောင့်ပါပင်။

ကျမ်းပြုအကျော် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီးက "ယခုဘဝ၌ မကောင်းသော စရိုက်ဆိုးများ ပပျောက်၍ စရိုက်ကောင်းတစ်ခုခု အထမြောက်အောင် ထူထောင်ဖို့အရေးကား အထူးကြီးလေးနေပေသတည်း" ဟု သဂြိုဟ်ဘာသာ ဋီကာကျမ်းကြီး၌ ရေးသားသတိပေးတော်မူခဲ့ပါသည်။

(ခ)

စေတနာ

စေတနာသည် အသုံးအလွန်များသောကြောင့် မြန်မာစကားပင်ဖြစ်၍ နေပေပြီ။ မြန်မာအဘိဓာန်က "စေ့ဆော်တိုက်တွန်းတတ်သောတရား"ဟု ပါဠိအဖွင့်အတိုင်း ဖွင့်ပြထားသလို "သူတစ်ပါးအကျိုးကို လိုလားသော သဘောထား"ဟု မြန်မာသုံး အနက်အဓိပ္ပာယ်ကိုပါ ထွန်းပြထား၏။

အဘိဓမ္မာ သဘောတရားအားဖြင့် စေတနာသည် စေတသိက်တရား (စိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်သော တရား) ဖြစ်ပြီး စိတ်ကို စိုးမိုးခြယ်လှယ်နိုင်စွမ်းရှိ၏။ စေတနာကောင်းသည် စိတ်ကောင်းကို ဖြစ်ပေါ်စေ၍ စေတနာဆိုးက စိတ်ဆိုးကို ဖြစ်ပေါ်စေ၏။ စေတနာကောင်းက စိတ်ကောင်းဖြစ်ပေါ်အောင် စေ့ဆော်တိုက်တွန်း သောအခါ စိတ်ကောင်းနှင့်အတူ စကားကောင်း(ဝစီကံ)၊ အလုပ်ကောင်း (ကာယကံ)တွေ ဖြစ်ပေါ်လာသလို စေတနာဆိုးက စိတ်ဆိုးဖြစ်ပေါ်အောင် စေ့ဆော်တိုက်တွန်းသောအခါ စကားဆိုး (ဝစီကံ)၊ အလုပ်ဆိုး (ကာယကံ)တွေ ဖြစ်ပေါ်ရပြန်လေ၏။ ထို့ကြောင့် စေတနာကို ကံဟု မြတ်ဗုဒ္ဓက ညွှန်ပြတော်မူခြင်းဖြစ်ပါသည်။

မြန်မာအသုံးအားဖြင့်မူ ကောင်းသော စေတနာကို ရည်ညွှန်းလျက် သူတစ်ပါးအကျိုး လိုလားသော သဘောထားရှိသူအား စေတနာကောင်းသူဟု ဂုဏ်တင်သုံးနှုန်းကြပါသည်။

အောက်ပါတို့မှာ ကာရန်လက်ဆောင်ဖြစ်ပါ၏။

ကောင်းစေတနာ၊ ရှေးရှုလာ၊ ကောင်းတာတွေပြု၏။
စေတနာဆိုး၊ စေ့ဆော်နှိုး၊ အဆိုးတွေပြုမိ။
ပြုမိသောကံ၊ ပဲ့တင်သံ၊ တုံ့ပြန်ရောက်လာ၏။
ကောင်းတာပြုနေ၊ ကောင်းကျိုးတွေ၊ ဖြိုးဝေမှန်ရရှိ။
ဆိုးတာပြုကြား၊ ဆိုးကျိုးများ၊ ဖြစ်ပွားပေါ်လာ၏။
ကောင်းပြုကောင်းစံ၊ ဆိုးပြုခံ၊ ဧကန်မြဲလှ၏။

(ဂ)

ဘဝကမ္ဘည်းအက္ခရာ

ဝါသနာနှင့် စေတနာကို ယှက်နွယ်သုံးသပ်ကြည့်သောအခါ ယေဘုယျအားဖြင့် ဝါသနာဆိုး(စရိုက်ဆိုး)၌ စေတနာကောင်း မထင်ဟပ်နိုင်သလို ဝါသနာကောင်း (စရိုက်ကောင်း)၌ စေတနာဆိုး မထင်ဟပ်နိုင်ကြောင်း တွေ့ရှိရ၏။ အဖြူနှင့် အဖြူ၊ အမည်းနှင့် အမည်းသာ တစ်သားတည်း ရောနှောဖြစ်တည်နေသလို ဝါသနာကောင်းနှင့် စေတနာကောင်း၊ ဝါသနာဆိုးနှင့် စေတနာဆိုး တစ်သားတည်း ရောနှောဖြစ်တည်နေမည်ဖြစ်၏။

ဝါသနာဆိုးသူတို့၏ စေတနာဆိုး၌ အဆိုးမြင်ဝါဒ အမြဲလွှမ်းခြုံနေမည်ဖြစ်သလို ယင်း၏ အဆိုးပြော၊ အဆိုးပြုများကြောင့်လည်း ဝန်းကျင်ပတ်ချာ၌ ဆုတ်ယုတ်မှု၊ ပျက်စီးမှု၊ ရှုပ်ထွေးမှု၊ မအေးချမ်းမှုများ ဖုံးလွှမ်းနေမည်ဖြစ်၏။ ယင်း၏ တစ်ဖက်၌သော် ဝါသနာကောင်းမှာ စေတနာကောင်း လောင်းနေသောကြောင့် ယင်း၏ အကောင်းပြော၊ အကောင်းပြုများက လောကကို အလှဆင်နေမည်သာဖြစ်၏။ ယင်းနှင့်အတူ မိမိ၏ ဘဝကမ္ဘည်း အက္ခရာကိုလည်း လှပစွာ ထုဆစ်ပြီးသား ဖြစ်နေမည် ဖြစ်၏။

မိမိတို့ နိုင်ငံတော်၏အရေး၊ အမျိုးသားတို့၏အရေးဝယ် ဝါသနာကောင်းဟု ဆိုအပ်သော သဒ္ဓါစရိုက်နှင့် ဗုဒ္ဓိစရိုက်တို့၌ စေတနာကောင်း သွန်းလောင်းခြင်းဖြင့် မနောကောင်းဘဝ၊ အပြောကောင်းဘဝ၊ အပြုကောင်းဘဝ ဘဝကမ္ဘည်းသစ် မြဲတည်ဖြစ်အောင် ထုဆစ်နေကြရမည်မှာ ယနေ့ မြန်မာနိုင်ငံသားအားလုံးအတွက် ဘဝပေးတာဝန်တစ်ရပ် ဖြစ်လျက်ရှိပါသတည်း။ ။

ပုလောမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၆

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်၌ ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်လှူဒါန်းပူဇော်ကြရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဦးမောင်လှ(ဥက္ကဋ္ဌ) ဖုန်း-၅၁၄၉၆၉၊ ဦးဘမြင့်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၃၇၈၆၃၇၊ ဦးကြီးညွန့်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၉၆၉၆၂၊ ဦးမောင်အုံး(အတွင်းရေးမှူး) ဖုန်း-၂၂၈၀၃၃၊ ဦးသန်းဝင်း (အုပ်ချုပ်ရေးမှူး) ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ-နီပေါ ကုန်သွယ်မှုတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Dilip Kumar Paudel သည် ဇူလိုင် ၂ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွား ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ၂၀၀၄ခုနှစ် ဩဂုတ် ၂၂ရက်မှ ၂၆ရက်အတွင်း မြန်မာနိုင်ငံသို့ လာရောက်မည့် နီပေါနိုင်ငံ Lalitpur Chamber of Commerce & Industry (LCCI) ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရေး ကိစ္စများကို ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။ (သတင်းစဉ်)

ပန်းတိုင်အရောက်သွားကြမယ်

* သမိုင်းရဲ့ စာမျက်နှာသစ်
ဖွင့်လှစ်ခဲ့တယ်
ပြည်နယ်ပြည်မ
ဘဝအလွှာ
စုံညီစွာနဲ့
ယုံကြည်ရာညှိနှိုင်း
တိုင်းရင်းသားအားလုံး
စည်းလုံးမှုကိုဖော်ညွှန်း
မော်ကွန်းထိုးတဲ့
အမျိုးသားညီလာခံ
မှန်ကန်တဲ့ ဦးတည်ချက်နဲ့
ခရီးဆက်တယ်
တက်ညီလက်ညီ
ရှိကြသည်မှာ
ဒို့ပြည်ဒို့ပိုင်
ဒို့နိုင်ငံအကျိုးစီးပွား
ဒို့အင်အားနဲ့တည်ဆောက်
ဒို့ဖောက်တဲ့လမ်း
နောက်မဆုတ်တမ်း
ပန်းတိုင်အရောက်သွားကြမယ်။

* နိုင်ငံတော်ရဲ့ အနာဂတ်
ကျွန်ဇာတ်မသွင်းရေး
သွေးရင်းသားရင်း
အချင်းချင်းတိုင်ပင်
အမြင်ချင်းနီးနှော
သဘောအယူအဆ
အတူတကွဆွေးနွေး
စည်းဝေးဆုံးဖြတ်
ချမှတ်တဲ့အခြေခံမူ
တူရူမျှော်မှန်း
လျှောက်တဲ့လမ်းက
ပန်းတိုင်အရောက်သွားကြမယ်။

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်)

ကေတုနီလာ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Clothing (ပထမနှစ်-အင်္ဂလိပ်စာအထူးပြု)
၅:၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၄)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ဆရာတော်ကြီး၏ စေတနာ လူငယ်များအတွက် ဗုဒ္ဓဘာသာ"
	၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်က လှုပ်ရှားစေးသမား" (အပိုင်း-၁၇)**
	၂၆။ သင့်အတွက်မနက်ဖြန်
	၂၇။ အပိတ်နှုတ်ဆက်စကား
	၂၈။ ပြီးပါပြီ။

တိုးတက် သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ရန် ဖွင့်လှစ်ပေးခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုတောင်းရှိ နယ်စပ်ဒေသ ဆေးပေးခန်း အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ-ပြန်/ဆက်)

နိုင်ငံတော်က ၁၄၅ ခုမြောက် ဖွင့်လှစ်ပေးခဲ့သည့် ပဲခူးတိုင်း အုတ်ဖိုမြို့နယ်ရှိ ဂမုန်းရေလှောင်တမံကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

မန္တလေးတိုင်း တောင်သာမြို့နယ်တွင် ကျော့ဇီ မြစ်ရေတင်စီမံကိန်းမှ ရေဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွ
ပြည်သူများနှင့် လက်တွဲကာ တစ်စိတ်တည်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇူလိုင်၄ရက်က ရမည်းသင်းမြို့အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းတွင် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

❀ **ကျောဖုံးမှ**

မြို့ရေရရှိရေး ဆောင်ရွက်နေမှုများနှင့် ဒေသစိမ်းလန်းစိုပြည်ရေး စီစဉ်ဆောင်ရွက်နေမှု လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေး၊ သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းကာကွယ်ရေး၊ မြို့စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်ပြီး သိလိုသည်များကို မြို့နယ်မှ တာဝန်ရှိသူများအား မေးမြန်းပြီးလိုအပ်မှုများကို မှာကြားဖြည့်ဆည်းပေးပြီး ရမည်းသင်း



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင်၄ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ရမည်းသင်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူး ဦးအောင်ရွှေအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို မြို့နယ်ပညာရေးမှူး ဦးအောင်ရွှေအားပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်ပြီး ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်များ၏ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ တင်ပြချက်များအရ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာစေရန် ပညာရေးကဏ္ဍတွင် စာသင်ကျောင်းများကို အဆင့်တိုးမြှင့်သတ်မှတ်ပေးခဲ့သည့်နည်းတူ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း ကျေးလက်ကျန်းမာရေးဌာနများ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ခရိုင်ရုံးစိုက်သည့် ရမည်းသင်းမြို့တွင် သန့်ရှင်းသည့် သောက်သုံးရေရရှိရေးအတွက် ရေရရှိနိုင်မည့် နည်းလမ်းများကို စူးစမ်းလေ့လာမှုများ ပြုလုပ်ရန် စီစဉ်ခဲ့ပြီးဖြစ်ကြောင်း။

တင်ပြချက်များအရ ရမည်းသင်းမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံမှုမှာ ၇၅ဒသမ ၇၃ရာခိုင်နှုန်းသာရှိသဖြင့် ဒေသဝမ်းစာ ဖူလုံခြင်းမရှိသည့်မြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဆီဖူလုံမှုမှာ ၂၅၇ ဒသမ ၈၀ ရာခိုင်နှုန်းဖြစ်ပြီး ပဲမျိုးစုံဖူလုံမှုမှာ ၂၄၇ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရသဖြင့် ရမည်းသင်းမြို့နယ်သည် စားသုံးဆီနှင့် ပဲမျိုးစုံဖူလုံပိုလျှံသည့်မြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စားသုံးဆီနှင့် ပဲမျိုးစုံ ဖူလုံပိုလျှံသည်ဟု ဆိုသော်လည်း အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက ပိုလျှံမှုနည်းပါးနေသေးခြင်းကြောင့် စားသုံးဆီနှင့် ပဲမျိုးစုံပိုမိုပိုလျှံမှုရှိလာရေးအတွက် ဆောင်ရွက်ရန်အပြင် လာမည့်နှစ်တွင် ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်မည့် ရည်မှန်းချက်ရရှိအောင်လည်း စီမံချက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ရမည်းသင်းမြို့နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသရှိ ဆည်၊ကန်များမှ ဆည်ရေ၊ ကန်ရေများကို အကျိုးရှိရှိ အသုံးချပြီး အထွက်ကောင်းစပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ သီးထပ်စွမ်းအားတိုးတက်အောင် စိုက်ပျိုးခြင်းတို့ဖြင့် ဒေသ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနတို့က ပိုမိုအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရမည်းသင်းမြို့သည် ခရိုင်ရုံးစိုက်သည့်မြို့ကြီးဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာ လှပရေး၊ လမ်းများကောင်းမွန်ရေး၊ အရိပ်ရလေကာပင်များ စိုက်ပျိုးရေးတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက ပူပြင်းခြောက်သွေ့သော ဒေသများ စိမ်းလန်းစိုပြည်လာစေရေးအတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို စီမံချက်များချမှတ် ဆောင်ရွက်စေလျက်ရှိကြောင်း၊ ရမည်းသင်းခရိုင်ကိုလည်း စိမ်းလန်းစိုပြည်လာအောင် သစ်တော ဦးစီးဌာနအနေဖြင့် သစ်တောကြိုးဝိုင်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်တောများ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို စီမံချက်ပါအတိုင်း ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်လိုကြောင်း။

စည်ပင်သာယာရေး ဦးစီးဌာနအနေဖြင့်လည်း ဆက်သွယ်သွားလာမှု လွယ်ကူ လျင်မြန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ မြို့တွင်းလမ်းနှင့် ကျေးလက် ဆက်သည့် လမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကိုလည်း စီမံချက်ပါအတိုင်း အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ဒေသရှိလူမှုရေး အသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး ကျေးလက်ဒေသများအထိ အရောက်သွားကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ပီပီပြင်ပြင် အကောင်အထည်ပေါ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဌာနဆိုင်ရာများအနေဖြင့် ဒေသရှိပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို သိမြင်နားလည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် ကျင့်ကြံအားထုတ်ရန် လိုအပ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများတွင် ပြည်သူများတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လာစေရန် ဌာနဆိုင်ရာများက မှန်ကန်သော ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ တန်းကျောင်း(ခွဲ)သို့ သွားရောက်ကြပြီး ကျောင်းတိုးချဲ့ဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ရှင်းလင်းပြသသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရမည်းသင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပရာ ကျောင်းအုပ်များသည် Computer Aided Instruction Room၊ Audio Visual Room၊ Projected Media Room၊ Printed Media Room၊ Computer Skills Room၊ Language Lab၊ ပန်းချီရသခန်းနှင့် အိမ်တွင်းမှုခန်းတို့၌ ကျောင်းသားကျောင်းသူများ သင်ကြားလေ့ကျင့်နေကြသည်များကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မ
ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ
အခြေခံပညာအထက်တန်းကျောင်း မာ
အခမ်းအနားတွင် ကျောင်းအကျိုးတော်
ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျေ
စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

သည် ရမည်းသင်းမြို့ သီလဝခန်းမမှ ပြန်လည်ထွက်ခွာလာရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်အား လမ်းဘေး ဝဲ၊ယာများမှ ထွက်၍ လှိုက်လှဲဖော်ရွေစွာကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့မအခြေခံပညာ အထက်

ဆရာမကြီး ဒေါ်ဂျဲနက်နန်ပရီနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့အတွင်းရေးမှူး ဦးလှထွန်းတို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင်၄ရက်က တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။(သတင်းစဉ်)

တပ်ကုန်းမြို့သို့

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် တပ်ကုန်းမြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ လူမှုရေး အသင်းအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မြေယာအသုံးချမှု၊ သီးနှံ ၁၀မျိုး စိုက်ပျိုးထွက်ရှိမှု၊ဒေသဝမ်းစာဖူလုံမှု၊ မိုးစပါးနှင့်နွေစပါးစိုက်ပျိုးထွက်ရှိမှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေ

...း ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့များ၏ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူ ...ကာ တစ်စိတ်တည်းတစ်ဝမ်းတည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင်၄ရက်က ပျဉ်းမနားမြို့ ကန်တော်ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

များသည် Computer Aided Instruction Room၊ Audio Visual Room၊ Projected Media Room၊ Printed Media Room၊ Computer Skills Room၊ Language Lab၊ ပန်းချီရသခန်းနှင့် အိမ်တွင်းမှုခန်းတို့၌ ကျောင်းသားကျောင်းသူများ သင်ကြားလေ့ကျင့်နေကြသည်များကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အနေ၊ ပညာရေး၊ကျန်းမာရေး၊လူမှုရေးနှင့် ကျေးလက်ရေ ရရှိရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တပ်ကုန်းမြို့ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင်၄ရက်က ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တပ်ကုန်းမြို့သို့

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် တပ်ကုန်းမြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ လူမှုရေး အသင်းအဖွဲ့များဖွဲ့စည်းထားရှိမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မြေယာအသုံးချမှု၊ သီးနှံ ၁၀မျိုး စိုက်ပျိုးထွက်ရှိမှု၊ဒေသဝမ်းစာဖူလုံမှု၊ မိုးစပါးနှင့်နွေစပါးစိုက်ပျိုးထွက်ရှိမှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေ

သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့တပ်ကုန်းမြို့သို့ လာရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ တပ်ကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရေးအတွက် အဓိကလိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စီးပွားရေးတိုးတက်မြင့်မားရေးအပါအဝင် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း။

တပ်ကုန်းမြို့နယ်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို ကြည့်ပါက ကျေနပ်ဖွယ် တိုးတက်ကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်ကုန်းမြို့နယ်၏ စီးပွားရေးကောင်းမွန်ရခြင်း၏အဓိကအချက်မှာ စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းအောင်

စိုက်ပျိုးနိုင်ခြင်းကြောင့်ပင် ဖြစ်ကြောင်း၊ ထို့အပြင် တင်ပြချက်အရ တပ်ကုန်းမြို့နယ်သည် အဓိကသီးနှံ ၁၀မျိုးစလုံး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရှိရပြီး၊ ဒေသဝမ်းစာ ဖူလုံမှုမှာ ၁၃၀ဒသမ၉၇ရာခိုင်နှုန်း၊ ဆီဖူလုံမှုမှာ၃၂၉ဒသမ ၆၇ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှုမှာ ၂၈၉ဒသမ ၂၃ရာခိုင်နှုန်းဖြစ်သဖြင့် တပ်ကုန်းမြို့နယ်၏ စီးပွားရေးအခြေအနေသည် ပတ်ဝန်းကျင်မြို့နယ်များ၏ စီးပွားရေးထက်ပိုမိုဖြစ်ထွန်းကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ထွန်းကောင်းမွန်လျက်ရှိနေသည့် အနေအထားဖြင့်ပင် အားရတင်းတိမ် ကျေနပ်မနေကြဘဲ ပိုမိုတိုးတက်သည်ထက်တိုးတက်ရန် ယခုထက် ပိုမို ဝီရိယအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြန်လည်အကျိုးပြု

နိုင်ငံတော်အစိုးရက တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် ဆင်သေရေလှောင်တမံ၊ မုန်ရေထိန်းတမံ၊ ကင်းသာရေလှောင်တမံ၊ ပွဲစားဆည်၊ ညောင်ကိုင်းဆည်၊ မကျီးပင်ဆည် စသည့်ဆည်များ၊ ကန်များကိုတည်ဆောက် ပေးထားလျက်ရှိကြောင်း၊ တည်ဆောက်ပေးထားသော ဆည်ရေများကို အကျိုးရှိစွာ သုံးစွဲစိုက်ပျိုးနိုင်ခြင်းကြောင့် တပ်ကုန်းမြို့နယ်၏ စီးပွားရေးကုန်ထုတ် တိုးတက်

လာခြင်းဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ပြည်သူများအပေါ် ထားရှိသည့် စေတနာကို သိမြင်ပြီး နိုင်ငံတော်အတွက် ပြန်လည်အကျိုးပြုနိုင်ရေးကို အလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊တစ်နည်းအားဖြင့် ပြည်သူများက နိုင်ငံတော်အတွက် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးခြင်းဖြင့် ပြန်လည်အကျိုးပြုကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံခြင်းမရှိသည့်အတွက် ပြည်ပနိုင်ငံများမှ နှစ်စဉ်နိုင်ငံခြားငွေ အများအပြား အကုန်အကျခံပြီး တင်သွင်းနေရကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးဆီ ဖူလုံအောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နှစ်စဉ်စားသုံးဆီအတွက် အကုန်အကျခံနေရသည့် နိုင်ငံခြားငွေများ အပိုအလျှံအဖြစ်ရရှိလာပြီး နိုင်ငံတော် ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ယခုထက်ပိုမို ဖြည့်ဆည်းဆောင်ရွက် ပေးသွားနိုင်မှာဖြစ်ကြောင်း။

နိုင်ငံခြားငွေသက်သာ

အလားတူပင် စက်သုံးဆီများကိုလည်းနှစ်စဉ်နိုင်ငံခြားငွေ အမြောက်အမြား အကုန်အကျခံပြီး နိုင်ငံခြားမှ မှာယူ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် စက်သုံးဆီကိုလည်း စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲသွားမည်ဆိုပါက နိုင်ငံခြားငွေ အကုန်အကျများစွာ သက်သာသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံများမှ နိုင်ငံခြားငွေရရှိရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံ ပိုလျှံလာစေရေးတို့အတွက် ပြည်သူများကလည်း မိမိတို့၏ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမို ဖြစ်ထွန်းလာရေးအတွက်

ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိအတွက်အကျိုးစီးပွားဖြစ်ထွန်းလာမည့်အပြင် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၊ ကုန်ထုတ်လုပ်သူများ အားလုံးက ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူများနှင့် ပြည်သူများကို ပညာပေးစည်းရုံးပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် လိုအပ်မှုများကိုဖြည့်ဆည်းခြင်း၊ ပံ့ပိုးခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဖိဖိစီးစီး

မြို့နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တည်မှီနေသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းကာ ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်၊ ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာအောင်၊ သန့်ရှင်းသည့်သောက်သုံးရေ ရရှိအောင်နှင့် ကျေးလက်စီးပွားရေးကို အထောက်အကူပြုသည့် စိုက်ပျိုးရေး လုပ်ငန်းများဖွံ့ဖြိုးအောင် ဖိဖိစီးစီး ထိထိမိမိတက်ကြွစွာဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ထို့ပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် ပြုမူနေထိုင်သွားကြပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားအောင်ဆောင်ရွက်ရာ တွင်လည်းကောင်း ပြည်သူများ၏ အားတက်သရော ပူးပေါင်း ပါဝင်ဆောင်ရွက်မှု စွမ်းအားရရှိအောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆရာဝန်များ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ပျဉ်းမနားမြို့သို့

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် ပျဉ်းမနားမြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ပျဉ်းမနား တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ကန်တော်ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရေရရှိရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့် ဒေသန္တရဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျဉ်းမနားမြို့နယ်၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံ ပညာအထက်တန်းကျောင်း များအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊

စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ✧

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇူလိုင် ၄ရက်က ပျဉ်းမနားမြို့ အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)



❒ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP) နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် ရုပ်ရှင်ပညာရှင် ဦးညွန့်ဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာကိုလေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ် စား လှယ် များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် ပဲခူးတိုင်းတိုင်းတရားသူကြီး ဦးဝင်းတင် ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်လက်မှတ်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၁၀ မှ

ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၀ဦး တက်ရောက်သည့် အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၃၅ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဆက်လက်ဖတ်ကြား တင်ပြကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ကို အမျိုးသားညီလာခံကိုယ်စားလှယ် ရုပ်ရှင်ပညာရှင် ဦးညွန့်ဝင်းက စတင်ဖတ်ကြား တင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉နာရီ ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့ကို အမျိုးသားညီလာခံ ကိုယ်စားလှယ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာကိုလေးက ဆက်လက် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို အမျိုးသားညီလာခံကိုယ်စားလှယ် ပဲခူးတိုင်း တိုင်းတရားသူကြီး ဦးဝင်းတင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇူလိုင် ၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

မှတ်တမ်းဓာတ်ပုံ

မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော သဘာပတိအဖွဲ့ဝင်များ၊ အစုအဖွဲ့များမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်ထောင်စုခန်းမ၌ အစုအဖွဲ့အလိုက် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)



လက်မှတ်ရေးထိုး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ရတနာ့ဂုဏ်ရည်ရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၆

မြိတ်မြို့ ရွှေဘေးလမ်းမကြီးရှိ ရတနာ့ဂုဏ်ရည်ရိပ်သာ၌ အဌမအကြိမ်မြောက် ခုနစ်ရက်တရားစခန်း ဝိပဿနာ အထူးတရားအားထုတ်ပွဲကို ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၁ရက်အထိ ကျင်းပမည်ဖြစ်၍ တရားအားထုတ်လိုသူ ယောဂီများသည် ဇူလိုင် ၂၅ရက် ညနေ ၅နာရီအရောက် ကြွရောက်ကြပါရန်နှင့် ဩဂုတ် ၁ရက် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်တွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန် မိုးရေချိန်

၆-၇-၂၀၀၄

မင်္ဂလာဒုံ	-၀ ဒသမ၇၁ လက်မ
ကမ္ဘာအေး	-၀ ဒသမ၄၄ လက်မ
ရန်ကုန်မြို့လယ်	-၀ ဒသမ၃၅ လက်မ

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ချပ်ရှင်ဓာတ်ကားဖြင့် ဖြသဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၆

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးပြီး သရုပ်ဆောင် ကျော်ရဲအောင်၊ ဇော်လင်း၊ မိုမိုမြင့်အောင်၊ ရွှေမဝစမ်းစမ်းအေးနှင့် မြင့်မြင့်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် မသုမဓမ္မစာရီ ရုပ်ရှင်ဓာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

လူကူးခုံးကျော်တံတား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဇူလိုင် ၆ ရက်က ကန်တော်ကြီး ကန်ပတ်လမ်းကိုဖြတ်၍ ကန်တော်ကြီးနှင့် တိရစ္ဆာန် ဥယျာဉ်သို့ ဆက်သွယ်မည့် လူကူးခုံးကျော်တံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။ (၁၉)

မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ရေကူးဘူတာရုံလမ်း ခြံအမှတ်(၂)နေ ဦးစိန်ထွန်း-ဒေါ်အေးကြွယ် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် အလှူငွေကျပ် ၁၀သိန်းကို ဇွန် ၂၈ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ လမူးတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Learning English the Easy and Happy Way For Children and Beginners.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀ ၇။ သီချင်းကြီးပဒေသာ
၅:၄၅ ၈။ စက်မှုတပ်ဆင်လုပ်ငန်းတွင် (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)
၅:၅၀ ၉။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၀၀ ၁၀။ Discovery
၆:၁၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၂၀ ၁၅။ တေးဂီတအစီအစဉ်
၇:၃၅ ၁၆။ ရခိုင်ပြည်နယ် (အပိုင်း-၁)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာ့ဓလေ့ (ဝါဆိုလဘွဲ့များ) (စိန်ဗိုလ်တင့်စီစဉ် တင်ဆက်သည်)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တွင်လေပြင်းဒဏ်ခံရသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ထောက်ပံ့ငွေကျပ်၁၀သိန်းကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ပေးအပ်စဉ်။ (သတင်းစဉ်)

❑ အမျိုးသားညီလာခံမှ

စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များဖြစ်ကြသော မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းက ငွေကျပ် ၁၀သိန်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းက ငွေကျပ် ၁၀သိန်း၊ အရဏ်ဦးဆောက်လုပ်ရေးမှ ဦးဇော်ဝင်းက ငွေကျပ် ၁၀သိန်း၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့မှ ပဒိုဦးအောင်ဆန်းက ငွေကျပ်နှစ်သိန်းနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး (DKBA)က ငွေကျပ် ၂၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတနာရှင်များဖြစ်ကြသော ရွှေကျားပျံ ဆောက်လုပ်ရေးမှ ဦးကျော်ညွန့်နှင့် ဒေါက်တာဇော်ထွန်း၊ မြန်မာ့အလှဆောက်လုပ်ရေးမှ ဦးမြတ်မင်း၊ Golden Flower ဆောက်လုပ်ရေးမှ ဦးအောင်ထွေး၊ A-1 ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးရန်ဝင်း၊ ရွှေသံလွင် ဆောက်လုပ်ရေးမှ ဦးမိုးကျော်သူ၊ ဣန္ဒိတံ ဆောက်လုပ်ရေးမှ ဒေါက်တာကိုကိုနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ငါးသိန်းစီ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ငွေကျပ် ၃၈၀၀၀၀ တန်ဖိုးရှိ မောင်မောင်လှိုင် (အပ်စိုက်ကု) "ကျန်းကျန်းမာမာ အသက်တစ်ရာ" စာအုပ် ၁၀၇၇ အုပ်တို့ကိုပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ခံပြီး စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်များဖြစ်ကြသော Htoo Trading မှ ဦးတေဇက ငွေကျပ် ၁၀သိန်း၊ ဟိန်းဆောက်လုပ်ရေးမှ ဦးခင်မောင်လွင်၊ KY Kyaw Kyaw ဆောက်လုပ်ရေးမှ ဦးကျော်ကျော်၊ Asia Winner Industrial Co., Ltd မှဦးအောင်နိုင်၊ Mother Land ဆောက်လုပ်ရေးမှ ဦးတင်မြင့်၊ ကျော်ညွှန့်နှင့် ညီများ သံရောင်ဝယ်ရေးမှ ဦးကျော်လင်း၊ United Commercial Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမြင့်နှင့် ရှိုင်းဆောက်လုပ်ရေးမှ ဦးအောင်ဇော်ဝင်း တို့က ငွေကျပ် ငါးသိန်းစီ ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကိုလက်ခံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စေတနာရှင်များဖြစ်ကြသော ဝါဝါဝင်းဆောက်လုပ်ရေးမှ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ဝါဝင်းကြိုင်နှင့် ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ် ငါးသိန်း၊ ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးမှ ဦးမောင်မောင်နှင့် Trade Park ကုမ္ပဏီလီမိတက်မှ ဦးအဏ္ဏဝါတို့က ငွေကျပ်သုံးသိန်းစီ၊ ရွှေအင်ပါယာ ဆောက်လုပ်ရေးမှ ဦးအောင်အောင်ဦးနှင့် MMG ဆောက်လုပ်ရေးမှ ဦးမောင်မောင်ကြီးတို့က ငွေကျပ် နှစ်သိန်းစီ၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ငွေကျပ် ၇၇၀၀၀၀တန်ဖိုးရှိ ချစ်နိုင် (စိတ်ပညာ)ရေးသားသည့် "ရဲရဲရင်ဆိုင်ဖြတ်သန်း" စာအုပ်အုပ်ရေ ၁၁၀၀၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်က အမျိုးသားရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သည့် ဒါရိုက်တာကျော်သူ ရိုက်ကူးသော "အမေ့နို့ဖိုး" ရုပ်ရှင်ကား (ရန်ကုန်မြို့တွင်း ပြသခြင်းမပြုရသေး) ဇာတ်ကား ပြသကုန်ကျစရိတ် ငွေကျပ်လေးသိန်းနှင့် ရုပ်ရှင်သရုပ်ဆောင် မျိုးသန္တာထွန်းက မျိုးငွေးသိန်း–ဒေါ်ခင်သန်းမြင့်၊ သီဟအောင် ကုမ္ပဏီလီမိတက်မှဦးစိန်ဝင်း၊ V-Pile ကုမ္ပဏီလီမိတက်မှဒေါက်တာစုံဟန်၊ ပင်လုံထိပ်ထား ဆောက်လုပ်ရေးမှ ဦးစံနီသွင်၊ ဦးဉာဏ်သစ်လှိုင်တို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတနာရှင်များ ဖြစ်ကြသည့် ဦးထွန်းဝင်း၊ Three Star ပီနံအိတ်ခွံ စက်ရုံမှ ဦးသန်းအောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တာလောရပ်ကွက် အမက ကျောင်းအုပ်(အငြိမ်းစား) ဦးခင်မောင်ကိုယ်စား ညီလာခံကိုယ်စားလှယ် ဦးကျော်သီဟတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးလှရွှေ (သစ်ရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်း၊ F M I မှ ဦးစိုးမြင့်က ငွေကျပ်သုံးသိန်းနှင့် မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်အဖွဲ့က ရုပ်ရှင် ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သော "ပေးဆပ်သူတို့နှလုံးသား" ရုပ်ရှင်ကား(ရန်ကုန်မြို့တွင်းပြသဆဲ) ဇာတ်ကားပြသကုန်ကျစရိတ် ငွေကျပ်လေးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စေတနာရှင်များဖြစ်ကြသည့် ပေလီဆောက်လုပ်ရေးမှ ဦးမြင့်ဇော်က ငွေကျပ်ငါးသိန်း၊ နိုင်ဂရုပ်ဆောက်လုပ်ရေးမှ ဦးကျော်နိုင်ဦး၊ ဇော်မင်း Trading မှ ဦးဇော်မင်း၊ UNIE Trade မှ ဦးငွေးဝင်း၊ Happy ဖျော်ရည်မှ ဦးကျော်သောင်း၊ Golden Sunmoon လီမိတက်မှ ဦးကျော်နိုင်၊ Mahar Bawgawaddy Int'l Ltd မှ ဟာဂျီဦးလှအောင်နှင့် ရွှေတင်းတောင်းကုမ္ပဏီမှ ဦးချစ်စိန်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဝင်းရွှေရည်ဆောက်လုပ်ရေးမှဦးမျိုးဝင်းက ငွေကျပ် တစ်သိန်း ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး ကော် မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်း အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် စေတနာရှင်များဖြစ်ကြသော Potentates Co., Ltd မှ ဦးအောင်သိန်း၊ Royal Int'l Engg; & Const;မှ ဦးကြည်လွင်၊ ရတနာမြိုင်ဆောက်လုပ်ရေးမှ ဦးနိုင်ဝင်းအောင်၊ Kyaw Family Const; မှ ဦးကျော်ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်များဖြစ်ကြသော မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အသင်း ဝင်များဖြစ်ကြသည့် သီရိချောင်းသာ ဟိုတယ်မှ ဦးလှစိန်၊ ဘေးဖြူးဟိုတယ်မှ ကပ္ပတိန်သန်းဦး၊ ကွင်းပတ်စ် ဟိုတယ်မှ ဒေါ်တင်တင်ဝင်း၊ ဘေပါတီ ဟိုတယ်မှ ဦးသိန်းရွှေ၊ ပုဂံပါဝါ ဟိုတယ်မှ ဦးသန်းရွှေ၊ MGM ဟိုတယ်မှ ဦးတင်ဝင်း၊ မင်္ဂလာဂါးဒင်း ဟိုတယ်မှ ဦးဇော်မင်းနှင့် ပန်ဒိုရားမား ဟိုတယ်မှ ဦးရန်ဝင်း ကိုယ်စား ဦးဝင်းမြိုင်တို့က ငွေကျပ် ငါးသိန်းစီ၊ မြခွာညို ကုမ္ပဏီ ငွေဆောင်ကမ်းခြေမြပင်လယ်ဟိုတယ်မှ ဦးကျော်ဒွန်းက ငွေကျပ်နှစ်သိန်း တို့ကိုပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ➪

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၂ မှ

ဖြစ်ကြသည့် ကချင်ပြည်နယ်မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များက ငွေကျပ် ၅၀၂၂၀၀၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မကွေးတိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ငွေကျပ် ၃၅၀၀၀ နှင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့မှ ညီလာခံ ကိုယ်စားလှယ် ပဒို ဦးအောင်ဆန်းက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်က ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်ခံရသည့် အတွက် မိမိတို့ လုပ်ငန်းများ အများအပြား ထိခိုက်ပျက်စီးသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အားထောက်ပံ့ငွေ ကျပ် ၁၀သိန်းကို အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရခိုင်ပြည်နယ်မှ အမျိုးသား ညီလာခံ ကိုယ်စားလှယ် ခုနစ်ဦးအား ပေးအပ်လှူဒါန်းသည်။

ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်ကြောင့် တောင်ကုတ်မြို့နယ်မှ ဦးလှအောင်၊ ပေါက်တောမြို့နယ်မှ ဦးခင်မောင်သိန်း၊ မြေပုံမြို့နယ်မှ ဦးရွှေမန်းတင်နှင့် ဦးထွန်းလှတို့ လေးဦးမှာ ဆုံးရှုံးမှု များပြားပြီး မြေပုံမြို့နယ်မှ ဦးကိုကိုနိုင်၊ မင်းပြားမြို့နယ်မှ ဦးမောင်မြစိန်နှင့်ကျောက်ဖြူမြို့နယ်မှဦးကျော်နုတို့သုံးဦးမှာ အသင့်အတင့် ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရသည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌကိုယ်စား အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် ၆၁ဦးတို့က ငွေကျပ် ၂၁၇၇၅၀၀၀ နှင့် ငွေကျပ် ၁၉၅၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ် ခံကြရသူများအတွက် အဖွဲ့အစည်းသုံးဖွဲ့တို့မှ စုပေါင်းလှူဒါန်းငွေကျပ် ၆၁၇၂၀၀ ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် အမျိုးသားညီလာခံ ကျင်ပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် စေတနာရှင် အလှူရှင်များအား ပုဂံဆောင်သို့ ဖိတ်ကြားပြီး ညှိခံကျွေးမွေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။(သတင်းစဉ်)

✧ စာမျက်နှာ ၉ မှ

ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ပျဉ်းမနားမြို့သို့ မိမိအနေဖြင့် လွန်ခဲ့သည့် လအနည်းငယ်ကပင် လာရောက်ပြီး ဒေသ၏ လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအကြိမ် လာရောက်ရာတွင်လည်း ပညာရေး၊ ကျန်းမာရေး ကိစ္စများနှင့်ပတ်သက်၍ ထပ်မံတင်ပြမှုကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်မှုကြောင့် ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

စားသုံးဆီဖူလုံရေး

ပျဉ်းမနားမြို့နယ်သည် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မြို့နယ်ဖြစ်ကြောင်း၊ သို့သော်လည်း ဒေသဝမ်းစာ ဖူလုံမှုမှာ ၉၃ဒသမ ၈၀ရာခိုင်နှုန်းသာရှိသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသအတွင်းရှိ ဆည်၊ ကန်များမှ စိုက်ပျိုးရေများကို အကျိုးရှိစွာသုံးစွဲပြီး ဒေသဝမ်းစာ ဖူလုံရေးကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း စားသုံးဆီဖူလုံမှုမှာ ၄၈ဒသမ ၄၈ရာခိုင်နှုန်းသာရှိသဖြင့် စားသုံးဆီဖူလုံရေးအတွက်ကိုလည်း အလားတူ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် စီးပွားရေးတိုးတက်ဖြစ်ထွန်းစေရေးအတွက် ဒေသနှင့်ကိုက်ညီစွာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ဆည်မြောင်း တာတမံများ တည်ဆောက်ပေးခြင်း၊ ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ်ကောလိပ်များ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူပင် နယ်စပ်အစွန်အဖျားဒေသများ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝီရိယစိုက်ထုတ်

ထိုကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အတွင်း နေထိုင်ကြသူ ပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဝီရိယစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိက တည်မှီနေသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ၏ ဘဝအခြေအနေ မှန်များကို လေ့လာကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် ပြည်သူများနှင့် တစ်သားတည်းဖြစ်နေစေရန် အစဉ်အလေးထား ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများ၏ ပေါင်းစည်းပါဝင်မှု စွမ်းအားဖြင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်သည်ထက် အောင်မြင်အောင် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဒေသတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု စွမ်းအားကို ရယူဆောင်ရွက်သွားကြရန်လိုအပ်သည့်အပြင် လူမှုရေးအသင်းအဖွဲ့များကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်းကာ တစ်စိတ်တည်း တစ်ဝမ်းတည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

နည်းပညာကောလိပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အစိုးရ နည်းပညာကောလိပ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းအဆောက်အအုံ အတွင်းအပြင် သန့်ရှင်းရေးနှင့် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး အတွက် အရိပ်ရအပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။ (သတင်းစဉ်)

နယ်စပ်ဒေသ သာသနာပြု သံဃာတော်များအား ဝါဆိုသင်္ကန်း ၈၅စုံ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃ရက်က သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ပိတောက်ရွှေဝါလမ်းမိသားစုများ ဦးဆောင်၍ ဓမ္မမိတ်ဆွေများ စုပေါင်းကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝိပဿနာကထိက ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ အရှင်သူမြတ်အား ဝါဆိုသင်္ကန်းများ ဆက်ကပ်စဉ်။ (က-ပ)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့်ပြည်ထဲရေး အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇူလိုင် ၆

၂၀၀၄-၂၀၀၅ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် စွမ်းအင်အသင်းက လယ်ယာ/ထွက်ကုန်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စွမ်းအင်အသင်း ငါးဂိုး။

နိုင်ဝင်း(ဟက်ထရစ်-သုံးဂိုး)၊

ဇော်ထက်အောင်(ပိုင်နယ်တီ)နှင့်

ရန်နောင်စိုး တစ်ဂိုး

လယ်ယာ/ထွက်ကုန်အသင်း ဂိုးမရှိ။

ဒိုင်လူကြီး ဦးလှတင့်။

အဆင့်မြင့်တန်းသို့ ပထမဦးဆုံးအကြိမ် တက်ရောက်လာသည့် လယ်ယာ/ထွက်ကုန်အသင်းကို မကြာမီကမှ ကျင်းပပြီးစီးသွားသည့် ကွင်းပိတ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိထားသည့် စွမ်းအင်အသင်းက ခြေအသာစီးမှုကစားပြီး ဂိုးပြတ်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

တစ်ဂိုးအသာ

ပထမပိုင်းတွင် စွမ်းအင်က အတွေ့အကြုံဖြင့် ပွဲကိုဦးဆောင်ကစားသွားပြီး လယ်ယာ/ထွက်ကုန်အသင်းမှာ အခွင့်အရေးရသည်နှင့် တိုက်စစ်ဆင် ကစားခဲ့သော်လည်း ကွင်းလယ်မှ မဖန်တီးနိုင်ခြင်း၊ စွမ်းအင်နောက်တန်းကို မကျော်နိုင်ခြင်းတို့ကြောင့် တိုက်စစ်ဆင်မှုမှာ အရာမထင်ခဲ့ချေ။ စွမ်းအင်ကလည်း တိုက်စစ်ကို ဖွင့်ကစားခဲ့ရာ မိနစ် ၃၀တွင် ကျော်မျိုးဟန်ပေးသော ဘောလုံးကို နိုင်ဝင်းက သွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းအပြီးတွင် စွမ်းအင်က တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းအစ ငါးမိနစ်မှာပင် နိုင်ဝင်းက စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရ၍ လယ်ယာ/ထွက်ကုန်က တိုက်စစ်ပြန်လည်ဆင်လာသော်လည်း စွမ်းအင်နောက်တန်းကို မကျော်ဖြတ်နိုင်ဖြစ်နေသည်။

အနိုင်ဂိုးများ

စွမ်းအင်အသင်းအတွက် အနိုင်ဂိုးများကို ၂၉မိနစ်တွင် ဇော်ထက်အောင်က ပိုင်နယ်တီမှတစ်ဆင့် တတိယဂိုးကိုလည်းကောင်း၊ စတုတ္ထဂိုးကို ၃၃မိနစ်တွင် နိုင်ဝင်းက ၎င်း၏ သုံးဂိုးမြောက် (ဟက်ထရစ်)ဂိုးအဖြစ် လည်းကောင်း၊ ပဉ္စမနှင့် ပွဲသိမ်းဂိုးကို ၃၈မိနစ်တွင် ရန်နောင်စိုးက မင်းမင်းထွန်း ကန်တင်ပေးသော ပြစ်ဒဏ်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူ၍ လည်းကောင်း သွင်းယူပြီး ပွဲအပြီးတွင် စွမ်းအင်က ငါးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အောင်ဆန်းကွင်း

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ အချိန်ပို အပါအဝင် မိနစ် ၁၂၀ပြည့်သည်အထိ သုံးဂိုးစီ သရေကျနေ၍ ပိုင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရာ ပြည်ထဲရေးအသင်းက ရှစ်ဂိုးဝင်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ခုနစ်ဂိုးသာဝင်၍ ပြည်ထဲရေးအသင်းက စုစုပေါင်း ၁၁ဂိုး-၁၀ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၈ရက်တွင် စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယနေ့ပွဲ

(ပထမအကြိုဗိုလ်လုပွဲ)

(သုဝဏ္ဏကွင်း)

စီးပွား/ကူးသန်းနှင့်

ဘဏ္ဍာ/အခွန်။

(ကြေးမုံ)



စွမ်းအင်အသင်း တိုက်စစ်ကို လယ်ယာ/ထွက်ကုန်အသင်း ဂိုးသမား စိုးပိုင်ဖြိုးနှင့် နောက်ခံလူများ ကာကွယ်ဖျက်ထုတ်စဉ်။ (ကြေးမုံ)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မင်းလှမြို့နယ်တွင်ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇နာရီတွင် မင်းလှမြို့နယ် စိန်ကန့်လန့်မြို့ချောင်းလမ်း ဘန့်ကွေးကုန်းရွာအနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူနှင့် ဌာနဆိုင်ရာများ၊ မင်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၀၀ကျော်တို့သည် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် ဦးစီးအရာရှိ ဦးမြင့်ဟန် ခေါင်းဆောင်သော သစ်တောဝန်ထမ်းများနှင့်အတူ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ဆိမ့်၊ မယ်ဇလီပင် ၂၅၅၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(သတင်းစဉ်)

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ ‘ပန်း’ဒါန

※ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက်“ထာဝရ ဒါန” “အရိပ်အလှူ ပန်းအလှူ”ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

※ “မနာပ ဒါယီ လဘတေ မနာပံ”
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

※ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသောသစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း...တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း...နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

※ “သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း”

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံ အာရုံညွတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် “အရိပ်ရပင်များ”“ပန်းအလှပင်များ”စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

※ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရွက်ဆောင်ကြပါစို့။

※ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

		လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း
အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆၁၅၀၀၀	
ပန်းအလှပင် –	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏရိက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုယ်ရံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

JADE GARDEN
RESTAURANT

OD Tour
July 16, 29
Flight & Coach

MENTOR BMC

Q . E . L . C
4 SKILLS ENGLISH (Basic)
JUNE (30), JULY (10, 26)
English Skills Foundation
4 skills Elementary. July (10)
IELTS, July (24) / TOEFL, July (26) / Writing

ဂုဏ်ထူးဦးအောင်ခိုင်

ENGLISH (U.M.N)
GRAMMAR
Visa
Home Interview

ကန့်ကွက်နိုင်ပါသည်

သမ္မတသက်နိုင်ငံ

ဦးလှမောင် + ဒေါ်ဝင်းမြင့်လွင်
ရိုလုံရွှေဆိုင်ကြီး(လက်လီလက်ကား)
ဆိုင်(၁)-အမှတ် (S-7)
(Ext.)
ဆိုင်(၂)-အမှတ် (F-1)
(Ext.)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၆–၇–၂၀၀၄)

ပူတာအို–၄ဒသမ၀၆လက်မ

စစ်တွေ– ၁ဒသမ ၈လက်မ

အလယ်တန်းနှင့်အထက်တန်းအင်္ဂလိပ်စာ
အထောက်အကူပြု Student’s Companion
စာစဥ် အမှတ် (၁) ထွက်ပါပြီ

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ၊ စာတည်းအဖွဲ့ကပြုစုသည့် အလယ်တန်းနှင့် အထက်တန်း စာသင်သားများအတွက် အင်္ဂလိပ်စာအထောက်အကူပြု Student’s Companion စာစဉ် အမှတ် (၁) ထွက်ပါပြီ။

ရန်ကုန်မြို့ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် ဖြန့်ချိရေးဌာန အမှတ် ၂၂/၃၀ ကမ်းနားလမ်း၊ ဖုန်း ၂၉၇၀၉၃ သို့ ဖြစ်စေ၊ သတင်းစာ ကိုယ်စားလှယ်များမှတစ်ဆင့် ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါပြီ။

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ရက် မွန်းလွဲ၂နာရီခွဲတွင် ကန်တော်ကြီးဥယျာဉ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်မှာ အချိန်တစ်နှစ်ကျော် ကြာလာပြီဖြစ်၍ အတော်လေးအကောင်အထည်ပေါ်နေပြီ ဖြစ်သော်လည်း အချို့သော လုပ်ငန်းများမှာ နှေးကွေးနေသဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသည့် Designများကို မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် သပ်ရပ်ခံ့ညားစွာ တည်ဆောက်ကြရန်လိုကြောင်း၊ တည်ဆောက်ပြီး လုပ်ငန်းများသည်လည်း စံချိန်စံညွှန်းမီရေး ကြပ်မတ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းသည် အချိန်စောပြီးသည်နှင့်အမျှ ပြည်သူလူထုအတွက် အကျိုးရှိမည့် လုပ်ငန်းကြီးဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားများပါ ဆွဲဆောင်နိုင်မည့်လုပ်ငန်းဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို Detail Designများအတိုင်း ခံ့ညားထည်ဝါသည့် မြန်မာ့နည်း မြန်မာ့ဟန်များဖြင့် ခေတ်မီနည်းစနစ်များ အသုံးပြု ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ကန်တော်ကြီးဥယျာဉ်အတွင်းရှိ စားသောက်ဆိုင်များ တည်ဆောက်ပြီးစီးမှုနှင့် မြေယာရှုခင်းအလှများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက Central Forest Zone အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းနှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက RelaxationZone အတွင်းအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက RecreationZone အတွင်းအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက Education Zoneအတွင်းရှိ Fresh Water Fish Garden တည်ဆောက်ရေး လုပ်ငန်းများကို မြန်မာအင်ဂျင်နီယာများဖြင့် ခံ့ညားသပ်ရပ်စွာ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ကန်တော်ကြီး ရေပြင်သန့်ရှင်းရေးနှင့် ရေပမာဏ ပိုမိုသိုလှောင်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမျိုးညွန့်က Education Zone အတွင်း စိုက်ပျိုးရေး ပြကွက်ကိုးခုနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဦးတိုးတိုးဝင်းက တည်ဆောက်ရေးလုပ်ငန်းများ၊ အရည်အသွေး စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းနိုင်က Cable Car ပြေးဆွဲနိုင်ရေးစီစဉ်ဆောင်ရွက်နေမှု၊ Wood Land Co., Ltdမှ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းအောင်က Conference Hall တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေကူးကန် အဆင့်မြင့် တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ထို့နောက် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် Education Zone အတွင်း Wood Land Co., Ltd က ဆောင်ရွက်လျက်ရှိသည့် ရေကူးကန် အဆင့်မြင့်တင် ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ Relaxation Zone အတွင်း မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် Fresh Water Fish Garden တည်ဆောက်နေမှု အခြေအနေအခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပေးစိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ Central Forest Zone အတွင်း သဘာဝကျောက်တုံးများဖြင့် Fountain Plaza တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း၊ Recreation Zone အတွင်း အသားကင် Barbecue Garden တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ Water Fall တည်ဆောက်နေမှုနှင့် မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဇူလိုင် ၄ရက်တွင် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့ မြောက်ဘက်၌ရှိသော မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၆၇၄၄၀၀ ရေဝင်ရရှိမှု အခြေအနေ၊ ရေလှောင်တမံနှင့် ဆက်နွယ်သည့် ဆည်မြောင်းအဆောက်အအုံများ ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အချင်း ၈၇ ပေ၊ အနက် ပေ၂၂၂ ရှိသည့် ဖိအားလျှော့ ရေလျှံထိန်းစည် အချောကိုင်လုပ်ငန်း၊ ရေလျှံထိန်းစည်၏ အတွင်းပိုင်း လိုင်နင်ကွန်ကရစ်လောင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေအားလျှပ်စစ် ဥမင်လိုဏ်ရှေ့ပိုင်း၌ တည်ဆောက်ပြီး ရေယူ အဆောက်အအုံကို လည်းကောင်း၊ပင်မရေပိုလွှဲမှကန်ရေပြည့်သိုလှောင်ပြီး ပိုလျှံ ရေများစီးဆင်းမှု၊ ပင်မရေပိုလွှဲ၏ ရေဝင်ထိပ်ပိုင်းတွင် စက်ယန္တရားများဖြင့် ချဲ့ထွင်ဆောင်ရွက်နေမှု၊ ရေထွက်မြောင်း ချဲ့ထွင်ဖောက်လုပ်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေပိုလွှဲအမှတ်(၁)နှင့် ရေပိုလွှဲအမှတ်(၂)တို့ကို ကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲများနှင့် မုန်းချောင်းအကြား ရေထွက်မြောင်း ချဲ့ထွင်မှု၊ ရေပိုလွှဲများ၏ တောင့်တင်းခိုင်မာမှု၊ ရေထွက်ကောင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ရေလွှဲဥမင်လိုဏ်အတွင်းပိုင်းသို့ ဝင်ရောက်၍ အတွင်းပိုင်း ပလပ်တပ်ဆင်မည့်နေရာ၌ လမ်းခင်းပြီးစီးမှု၊ လေသွင်းပိုက်တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလျှံထိန်းစည်၏ အောက်ခြေပိုင်း၌ အချောကိုင်လုပ်ငန်းလုပ်ကိုင်မှု၊ ဒေါက်များထောက်၍ လိုင်နင်လောင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လျှပ်စစ်ဖိအားမြှင့်ပြွန်များ ထည့်သွင်းတည်ဆောက်ထားသည့် ဥမင်လိုဏ်သုံးခု ကွန်ကရစ်လောင်းပြီးစီးမှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ အချိန်မီပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မတမံနှင့် ဆက်စပ်ဆည်မြောင်းအဆောက်အအုံများကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေး၍ တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာများအား လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာဖြင့် သတ်မှတ်ထားသည့် ရက်အတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်ပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း စလင်းမြို့နယ် တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေသောက်ဧရိယာဖြစ်သည့် နတ်တပ်စခန်းနယ်မြေ၌ မိုးကြိုချည်မျှင်ရှည်ဝါ ဧက၅၀ကို မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းနှင့် ဒေသအတွင်းရှိ ဝါစိုက်တောင်သူများ ပူးတွဲဆောင်ရွက်သည့် မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့ထုတ်လုပ်မှုစိုက်ကွင်းသို့ ရောက်ရှိ၍ တောင်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဝါမျိုးသန့် ပွားများရေး၊ မျိုးသန့်ဝယ်ယူရေးမှာကြားပြီး ဝါစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဆိပ်ဖြူမြို့နယ်ရှိ တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေတင်စခန်းရှိရာ ဧရာဝတီမြစ်ဘေးမှ လေသာကုန်းရွာအနီးသို့ ရောက်ရှိပြီး လျှပ်စစ်မြစ်ရေတင် ရေပေးမှု၊ ယခုနှစ် တညောင်မြစ်ရေတင်၏ ရေသောက်ဧရိယာတွင် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားရာ ယနေ့ထိ ဧက ၃၀၂၃ ဧက စိုက်ပျိုးပြီးစီးမှု၊ ရေပေးရေးကို ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေတို့ ဆွေးနွေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာဘုရားအနီးရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ရေပေးတူးမြောင်းများဖြင့် ရေပေးမှု၊ ဧရာဝတီမြစ်မှ ရေတင်မှု၊ ပင်မ ရေပေးမြောင်းများနှင့် ရေသောက်ဧရိယာ၌ စိုက်ပျိုးထားသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ရှင်းလင်းပြသသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် တာဝန်ခံ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဦးမောင်မောင်လွင်က ဧရာဝတီမြစ်မှ ရေတင်မှု၊ ရေပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

ဇွန်၃၀ရက်က ကျောက်ဆည်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဆူးကုန်းရပ် ဧည့်ရိပ်သာအဝင်လမ်းတွင် ကံ့ကော်ပင်နှင့်အုန်းပင်များကို အမှုဆောင်အရာရှိ ဦးလေးလွင်၊ ဦးစီးအရာရှိ ဦးအောင်လေးနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ရွှေပန်းကုံး ကျေးလက်အိမ်ရာများ ကြည့်ရှုစစ်ဆေး

ဝက်လက် ဇွန် ၃၀

စစ်ကိုင်းတိုင်းစည်ပင် သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများသည် ဇွန် ၂၈ ရက်နံနက် ၁၀ နာရီ က ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ ကျေးရွာတိုးချဲ့ ကွက်သစ်တွင် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့က တာဝန်ယူဆောက်လုပ်ပေးထားသည် ကျေးလက်အိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွင်ညွန့်၊ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေကောင်စီဥက္ကဋ္ဌနှင့်အိမ်ရှင်များက လိုက်လံရှင်းလင်းပြသသည်။ စည်ပင်သာယာရေး ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ကျေးလက်အိမ်ရာများ ရွှေပန်းကုံးကျေးရွာ၌ ထပ်မံဆောက်လုပ်ပေးမည် ဖြစ်ကြောင်း၊ သမရိုး၊ ဘိုတဲ၊ ရွာသာကြီး၊ ထုံးဘို၊ ခေါ်တော ကျေးရွာများနှင့် လိင်ပင်ကျေးရွာတို့တွင်လည်း ဆက်လက်ဆောက် လုပ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

(၂၂၉)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု နွားထိုးကြီးမြို့တွင် သစ်ပင်စိုက်ပျိုး

နွားထိုးကြီး ဇွန် ၃၀

ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၂၂ရက်နံနက်၇နာရီက မြို့နယ်အားကစားပြိုင်ကွင်း အပြင်ပတ်လည်ရှိ နယ်နိမိတ်ပတ်ဝန်းကျင်တွင် စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်အား/ကာဦးစီးအရာရှိ ဦးဌါန်တူးတူး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်သန်း၊ တောအုပ်ဦးကြည်စိုး၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့သန်းနှင့်အမှုဆောင်များ၊ အသင်းဝင်များ၊ အမှတ်(၂)ရပ်၊အမှတ်(၈)ရပ်တို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူးများနှင့်အသင်းဝင်များ စုစုပေါင်းအင်အား ၅၀၀ ကျော်တို့က သစ်ဆိမ့်ပင် အပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးပြီးသော သစ်ဆိမ့်ပင်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဇော်နှင့် မီးသတ် တပ်ဖွဲ့ဝင်များက ရေများ လိုက်လံလောင်းပေးကြသည်။

(၉၄)

စီမံကိန်းသီးနှံများတာဝန်ပေးအပ်

သပိတ်ကျင်း ဇွန် ၂၇

